# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၈၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် | ၂၀၁၄ ခုနှစ်၊ ဧပြီ ၂ ရက်၊ ဗုဒ္ဓဟူးနေ့။


## ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂၅/၂၀၁၄
၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်)

**၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေသည် ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)အရ ၂၀၁၄ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ရက်) နေ့မှစတင်၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပညာရှင်များမွေးထုတ်ရေးအတွက် နိုင်ငံတော်က ထောက်ပံ့ပေးအပ်ရန်လိုသည်များ ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးနှင့် ခုတင် ၃၀၀ ဆံ့ သင်ကြားရေး ဆေးရုံကြီးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် အောင်မြေသာစံမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးနှင့် အထူးကုဆရာဝန်ကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် နား၊ နှာခေါင်း၊ လည်ချောင်းပြင်ပလူနာဌာန၊ မျက်စိပြင်ပလူနာဌာန၊ ဆေးဆိုင်ဖွင့်လှစ်ထားရှိမှု၊ ဆေးသိုလှောင်ခန်း၊ တီဗွီ ဓာတ်မှန်ခန်း၊ ဓာတ်မှန်ခန်း၊ ဗဟိုပိုးမွှားသန့်စင်ခန်း၊ ဝန်ထမ်းအိမ်ရာ၊ မန္တလေးအမျိုးသားမျက်စိဘဏ်၊ မျက်စိလူနာဆောင်၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာဆောင်၊ နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ်ခန်းတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူကြသည့် ဝေဒနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံရာ၌ ဒုတိယသမ္မတအား ဆေးရုံအုပ်ကြီးဒေါက်တာတင်တင်မိုးက စာမျက်နှာ ၈ ကော်လံ ၁ ✳



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးအတွင်း အထောက်အကူပြုစက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ပြည်တွင်းလေကြောင်းလိုင်းသစ် ထပ်မံတိုးချဲ့ရန် မန်းရတနာလေကြောင်းလိုင်းမှ ဒုတိယမြောက်လေယာဉ်သစ် ထပ်မံရောက်ရှိ

သတင်း
မောင်စိန်လွင် (မြန်မာ့အလင်း)

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံ၌ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမှုနှင့်အတူ လိုအပ်လျက်ရှိသော လေကြောင်းလိုင်းသစ်များ အသစ်ထပ်မံတိုးချဲ့ရန်အတွက် ပြည်တွင်းလေကြောင်းလိုင်းသစ်တစ်ခုဖြစ်သည့် မန်းရတနာလေကြောင်းလိုင်းမှ ပြင်သစ်နိုင်ငံထုတ် ATR 72-600 လေယာဉ်သစ်သည် အဆိုပါလေကြောင်းလိုင်း၏ ဒုတိယမြောက် လေယာဉ်အသစ်တစ်စင်းအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ညနေ ၃ နာရီ ၃၈ မိနစ်တွင် ထပ်မံရောက်ရှိလာကြောင်း သိရသည်။

ယနေ့ မန်းရတနာလေကြောင်းလိုင်းမှ ဒုတိယမြောက်လေယာဉ်အဖြစ် ရောက်ရှိလာသော ပြင်သစ်နိုင်ငံထုတ် ATR 72-600 လေယာဉ်သစ်သည် ပြင်သစ်နိုင်ငံ Toulouse မြို့မှ အမေရိကန်ဒေါ်လာ ၁၈ သန်းအကုန်အကျခံ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ မော်ဒယ်ထုတ် လေယာဉ်သစ်တစ်စင်းဖြစ်သည်။ မန်းရတနာလေကြောင်းလိုင်းမှ ဇန်နဝါရီလ စာမျက်နှာ ၅ ကော်လံ ၅ ■



**မန်းရတနာလေကြောင်းလိုင်းမှ ပြည်တွင်းလေကြောင်းလိုင်းသစ်ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် ပြင်သစ်နိုင်ငံထုတ် ATR 72-600 လေယာဉ်သစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာစဉ်။**




ပြည်တွင်းသတင်း

# မွန်ပြည်နယ်ဝန်ကြီး ပူးတွဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၇/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်)**

**မွန်ပြည်နယ်ဝန်ကြီး ပူးတွဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(ဈ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းအား မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစု၏ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လာရောက်ကောက်ယူစဉ်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဇနီး မိသားစု၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

**နေပြည်တော် ဧပြီ ၁**

မတ် ၃၀ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းတွင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ကောက်ယူလျက်ရှိပြီး ယနေ့တွင် တတိယနေ့အဖြစ် ဆက်လက်ကောက်ယူလျက်ရှိရာ ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစု၏ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးချိုထွန်း၊ ဦးစီးအရာရှိ ဒေါ်တင်မာလွင်၊ စာရင်းကောက် ဒေါ်သီတာလွင်တို့ပါဝင်သော သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လာရောက်ကောက်ယူခဲ့ကြသည်။

သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က မေးခွန်း(၄၁)ချက်ကို မေးမြန်းဖြည့်စွက်ရာ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ဇနီးတို့က ဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

# နေပြည်တော်သတ္တသတ္တာဟစေတီတော်သို့ မော်တော်ယာဉ်လိုင်းများ ပြေးဆွဲပေးနေ

**နေပြည်တော် ဧပြီ ၁**

နေပြည်တော် သတ္တသတ္တာဟစေတီတော်သို့ အများပြည်သူများ အဆင်ပြေစွာ သွားရောက်ဖူးမြော်ပူဇော်နိုင်ရန် နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (မြို့တွင်း)မှ ယာဉ်လိုင်းများဖြင့် နေ့စဉ်နံနက် ၇ နာရီမှ ည ၇နာရီအထိ အသွားအပြန် ပြေးဆွဲပေးလျက်ရှိသည်။

အမှတ်(၂/၄)အထူးယာဉ်လိုင်းများသည် မြို့မဈေး၊ ချင်းရွာ၊ သတ္တသတ္တာဟစေတီတော်သို့ ခရီးစဉ်အားလည်းကောင်း၊ အမှတ်(၈)အထူးယာဉ်လိုင်းသည် ပျဉ်းမနားဈေး၊ နေပြည်တော်ဘူတာကြီး၊ တပ်ပုဗ္ဗ၊ သတ္တသတ္တာဟစေတီတော်ခရီးစဉ်အားလည်းကောင်း၊ တစ်ဦးလျှင် ယာဉ်စီးခ အဖြစ်ခရီးစဉ် အစ/အဆုံး ငွေကျပ် ၇၀၀၊ အတက်/အဆင်း ငွေကျပ် ၂၀၀ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကြိုတင်ပြင်ဆင်ရေးစည်းဝေး

**နေပြည်တော် ဧပြီ ၁**

အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေး ပူးတွဲညှိနှိုင်းမှုအစည်းအဝေးနှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း၏ အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ အာဆီယံညှိနှိုင်းမှုကောင်စီ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရွှင်ရယ်အေ့စ်ဟိုတယ်ရှိ ခါကာဘိုရာဇီခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးအဆင့်မြင့်အရာရှိကြီးများ၊ လူမှုယဉ်ကျေးမှု အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း၏ အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ အာဆီယံညှိနှိုင်းမှုကောင်စီ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးများတွင် အာဆီယံအသိုက်အဝန်း ထူထောင်ရေး၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်၊ ပြင်ပဆက်ဆံရေးအပါအဝင် အခြားကိစ္စရပ်များနှင့် လုပ်ငန်းဆိုင်ရာတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါအစည်းအဝေးများကို မတ် ၂၉ ရက်မှ စတင်ပြုလုပ်ခဲ့ပြီး မေ ၈ ရက်မှ ၁၁ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးများဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# (၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေး ဒုတိယဝန်ကြီးများ အစည်းအဝေး စတင်ကျင်းပ

**နေပြည်တော် ဧပြီ ၁**

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၏ပထမပိုင်းဖြစ်သော အာဆီယံဘဏ္ဍာရေး ဒုတိယဝန်ကြီးများအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC) ၌ စတင်ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာဆီယံမက်ခရိုစီးပွားရေး သုတေသနအဖွဲ့တို့မှ ကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အာဆီယံရပ်ဝန်းဒေသအတွင်း တည်ငြိမ်ခိုင်မာတောင့်တင်းသော ဘဏ္ဍာရေးစနစ်တစ်ခု ထူထောင်ရာတွင် ဘဏ္ဍာရေးဈေးကွက်တည်ငြိမ်မှုရှိရေးနှင့် လိုက်လျောညီထွေဖြစ်သည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးမူဝါဒများ ရှိရန်လိုအပ်ကြောင်း၊ အာဆီယံနိုင်ငံများအကြား ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးစုစည်းမှုတို့ ဆက်လက်တည်ရှိ ရှင်သန်နေရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများအကြား ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံစီးပွားရေး အသိုက်အမြုံထူထောင်ရေးတို့အပါအဝင် အကြောင်းအရာ ၂၀ကျော်ကို ဆွေးနွေးကြပြီး ဧပြီ ၂ ရက်၊ ၃ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ဖွင့်လှစ်နိုင်**

ယခုကဲ့သို့ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခြင်းဖြင့် အာဆီယံနိုင်ငံများအကြား ခိုင်မာသည့် ဘဏ္ဍာရေးစနစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည့် အပြင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးတွင်လည်း ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နိုင်ငံတကာသတင်း

# ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဗဲလ်စ်အား သမ္မတဖရန်ဆွာက ဝန်ကြီးချုပ်အဖြစ်ခန့်အပ်

**ပါရီ မေ ၁**

ပြင်သစ်သမ္မတဖရန်ဆွာ ဟော်လန်က ပြည်ထဲရေးဝန်ကြီးမန်နျူရယ် ဗဲလ်စ်အား ပြင်သစ်ဝန်ကြီးချုပ်သစ်အဖြစ်ခန့်အပ်လိုက်သည်။ **(ယာပုံ)**



မစ္စတာဗဲလ်စ်သည် အစိုးရကို ဦးဆောင်သူ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း လူကြိုက်နည်းနေသော မစ္စတာဟော်လန်က ပြောကြားလိုက်သည်။

အာဏာရ ဆိုရှယ်လစ်များသည် ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် ဆိုးရွားသောရလဒ်များနှင့် ရင်ဆိုင်နေရသည်။ ဆိုရှယ်လစ်များက ကွန်ဆာဗေးတစ်နှင့် အမျိုးသားတပ်ဦးတို့ကို အနိုင်ယူရန် ဒေသဆိုင်ရာ ရွေးကောက်ပွဲများ ကျင်းပခြင်း ဖြစ်သည်။

တနင်္လာနေ့က နုတ်ထွက်သွားသော ဝန်ကြီးချုပ်ဂျင်းမတ်အိုင်ရော့တ်နေရာတွင် အသက် ၅၁ နှစ်ရှိ မစ္စတာ ဗဲလ်စ်အား အစားထိုးခန့်အပ်လိုက်ခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံ အနေဖြင့် ပြည်သူများ၏ ဘဏ္ဍာငွေကို မှန်ကန်စွာ သုံးစွဲသွားကြရမည်ဖြစ်ကြောင်း တနင်္လာနေ့ ရုပ်မြင်သံကြား မိန့်ခွန်းတွင် သမ္မတဟော်လန်က ပြောကြားလိုက်သည်။ ၎င်းက အခွန်အတုတ်များ လျှော့ချပြီး အလုပ်အကိုင်များ ပိုမိုဖန်တီးပေးရန် တင်ပြထားသည်။ မိမိတို့အနေဖြင့် ယင်းကိစ္စများကို အလျင်အမြန် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မစ္စတာဗဲလ်စ်သည် ပြင်သစ်နိုင်ငံတွင် လူကြိုက်များသူတစ်ဦးဖြစ်ပြီး သမ္မတအထိ တက်လှမ်းရန် ကြိုးပမ်းနေသူတစ်ဦး ဖြစ်ကြောင်း လေ့လာသူများက ပြောကြားသည်။

**ဘီဘီစီ**

## ၁၉၃၉ ခုနှစ်က ခိုးယူထားသောပန်းချီကား ဂျာမနီတို့ ပိုလန်သို့ပြန်လည်ပေးအပ်

**ဘာလင် မေ ၁**

ဂျာမနီနိုင်ငံသည် ၁၉၃၉ ခုနှစ်က ပိုလန်အမျိုးသားပြတိုက်မှ နာဇီတို့ယူလာသော ၁၈ ရာစုခေတ်ပန်းချီကားတစ်ချပ်ကို ပိုလန်နိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။

"နန်းတော်လှေကားထစ်များ"အမည်ရှိ ၎င်းပန်းချီကားသည် ပန်းချီပညာရှင် ဖရန်ဆက်စကိုဂွါဒီ၏ လက်ရာဖြစ်ပြီး ပိုလန်နိုင်ငံကို ဂျာမနီတို့ကျူးကျော်ဝင်ရောက်စဉ်က ယူဆောင်သွားခဲ့ခြင်းဖြစ်သည်။ ပန်းချီကားသည် ဗင်းနစ်မြို့ ဒေါ့ဂ်ျနန်းတော်၏ ကြီးကျယ်ခမ်းနားသော လှေကားပေါ်၌ တော်ဝင်မျိုးနွယ်တို့ စကားပြောနေကြပုံများကို ရေးဆွဲထားခြင်းဖြစ်သည်။

ပန်းချီကားကို ယခုကဲ့သို့ပြန်လည်ပေးအပ်ခဲ့ခြင်းဖြင့် မိုးဇက်နှင့် ဘီသိုဗင်တို့၏ လက်ရေးစာမူများအပါအဝင် အချို့သော စာရွက်စာတမ်း ၃၀၀၀၀၀ ကျော်အတွက် ဆွေးနွေးပွဲများကို အားဖြည့်ပေးနိုင်မည်ဟု ဂျာမနီကမျှော်လင့်ထားသည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး စတိန်မိုင်းရားနှင့် ပိုလန်နိုင်ငံခြားရေးဝန်ကြီး ဘေဒင်ဝါသင်ဘာ့ဂ်တို့သည် မတ် ၃၁ ရက်က တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ ဝါဆောနှင့် ဘာလင်တို့အကြား ဒုတိယ ကမ္ဘာစစ်အတွင်းက နိုင်ငံရေးအရ မတူညီမှုများရှိခဲ့သော်လည်း မကြာမီတွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်တော့မည်ဖြစ်သည်။

**ဘီဘီစီ**

## လက်နက်တင်ပို့မှုပိတ်ပင်ထားခြင်းအပေါ် ဂျပန်ပြန်လည်ဖြေလျှော့ပေး

**တိုကျို မေ ၁**

ဂျပန်နိုင်ငံက နှစ်ပေါင်း ၅၀ နီးပါးအတွင်းလက်နက်တင်ပို့မှုပိတ်ပင်ထားခြင်းအပေါ် ဖြေလျှော့ပေးသွားမည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတွင် ယခင်က လက်နက်တင်ပို့မှုကို ပိတ်ပင်ထားခဲ့သည်။ သို့သော်လည်း အမေရိကန်သို့ နည်းပညာလွှဲပြောင်းမှုများ ပြုလုပ်ခဲ့သည်။

ဂျပန်က ၎င်း၏မဟာမိတ်နိုင်ငံများခေတ်မီလက်နက်များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည့်အပြင် ဈေးကွက်နှင့် နည်းပညာသစ်များ ရယူခွင့်ပေးသွားမည်ဟု ဆိုသည်။

ယင်းမှာ တရုတ်က ဂျပန်ကို စစ်ဝါဒကြီးထွားအောင်လုပ်နေသည်ဟု စွပ်စွဲပြောကြားလိုက်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးနောက် ကိုယ်ပိုင်ကာကွယ်ရေးမှတစ်ပါးစစ်ပွဲများတွင် ပါဝင်ပတ်သက်မှုနည်းခဲ့သည်။ သို့သော်လည်း မကြာသေးမီက ဂျပန်နိုင်ငံသည် စစ်အသုံးစရိတ်များ ပိုမိုသုံးစွဲလာပြီး စစ်လက်နက်များ တိုးချဲ့တပ်ဆင်လာလျက်ရှိသည်။ ဂျပန်က ကမ္ဘာ့ငြိမ်းချမ်းရေး ဆောင်ရွက်နေသော နေရာများနှင့် ဂျပန်၏လုံခြုံရေး အကျိုးစီးပွားဆောင်ရွက်နေသော ဒေသများကို လက်နက်များ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ကျိုဒိုသတင်းအေဂျင်စီက ဖော်ပြသည်။

**ကျိုဒိုနယူးစ်**

## အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး နုတ်ထွက်

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် နန်စီပိုဝဲလ်သည်တာဝန်မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်းနှင့် ၎င်းသည်မေလကုန်တွင် တာဝန်မှရပ်နားတော့မည်ဖြစ်ကြောင်း နယူးဒေလီရှိသံရုံး၌ာနကပြောကြားခဲ့သည်။

အဆိုပါအမျိုးသမီးသံအမတ် မစ္စနန်စီသည် ယူဂန်ဒါ၊ ဂါနာ၊ ပါကစ္စတန်နှင့်နီပေါနိုင်ငံများတွင် သံအမတ်တာဝန်များကို ထမ်းဆောင်ခဲ့ဖူးပြီးနောက် ၂၀၁၂ ခုနှစ်က အိန္ဒိယနိုင်ငံသို့သံအမတ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။ မစ္စနန်စီသည် အလုပ်မှ နုတ်ထွက်ပြီးနောက်တွင်ဒီလာဝဲလ်ရှိ ၎င်း၏ နေအိမ်၌အနားယူတော့မည်ဖြစ်သည်။ ၎င်းသည်တစ်ချိန်ချိန်တွင် အလုပ်မှနုတ်ထွက်မည်ဟု စိတ်ကူးထားပြီးဖြစ်သည်။

သို့သော် ၎င်း၏နုတ်ထွက်မှုသည် ဗီဇာလိမ်လည်မှုဖြင့် နယူးယောက်သို့ရောက်ရှိနေသော အိန္ဒိယသံတမန်အား ဖမ်းဆီးအကျဉ်းချမှုကြောင့် အမေရိကန်နှင့် အိန္ဒိယတို့အကြား ပဋိပက္ခအပြီး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ် ဟိန္ဒူစတန်တိုင်းမ်သတင်းစာက မစ္စနန်စီအနေဖြင့် အမေရိကန်သံတမန်အဖြစ် အစားထိုးခံထားရဖွယ်ရှိသည်ဟု ဖော်ပြထားသည်။

**ဘီဘီစီ**




## မိုက်ကယ်ဂျက်ဆင်၏ အယ်လ်ဘမ်သစ် လာမည့်မေလတွင် ထွက်ရှိလာမည်

**လော့စ်အိန်ဂျလိစ် မေ ၁**

ကွယ်လွန်သွားပြီ ဖြစ်သော ကမ္ဘာကျော် အဆိုတော်မိုက်ကယ်ဂျက်ဆင်၏ အယ်လ်ဘမ်သစ်ကို သီချင်းအသစ် ရှစ်ပုဒ်နှင့်အတူ မေ ၁၃ ရက်တွင် ထွက်ရှိလာမည် ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ တေးအယ်လ်ဘမ်အမည်ကို Xscape ဟု အမည်ပေးထားပြီး မိုက်ကယ်ဂျက်ဆင်မကွယ်လွန်မီက သွင်းယူထားခဲ့သော သီချင်း အသစ်ရှစ်ပုဒ်ပါဝင်ကြောင်း သိရသည်။ ယင်းတေးအယ်လ်ဘမ်ကို ၂၀၁၁ ခုနှစ်က မိုက်ကယ်ဂျက်ဆင်၏နောက်ဆုံးအယ်လ်ဘမ်ကို ထုတ်လုပ်ပေးခဲ့သော ရော့နေဂျာကင်းက ထုတ်လုပ်ပေးမည်ဖြစ်သည်။

မိုက်ကယ် ဂျက်ဆင်သည် ၂၀၀၉ ခုနှစ် ဇွန် ၁၅ ရက်က အသက် ၅၀ အရွယ်တွင် ဆေးထိုးလွန်ကဲမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ သူသည် ပရိသတ်ရှေ့မှောက်၌ ပြန်မရောက်ခဲ့သည်မှာ နှစ်အတန်ကြာပြီဖြစ်သောကြောင့် လန်ဒန်မြို့ $0_2$ အားကစားကွင်း၌ ဖျော်ဖြေရန်ပြင်ဆင်လျက်ရှိစဉ် ကွယ်လွန်ခဲ့ရသည်။ မိုက်ကယ်ဂျက်ဆင်သည် ပေါ့ဘုရင်အဖြစ် လူသိများထင်ရှားသူဖြစ်ပြီး အသက်ငါးနှစ်ကလေးဘဝကပင် ဂီတလောက ထဲဝင်ရောက်နိုင်ခဲ့သည်။ ၎င်း၏ အောင်မြင်ကျော်ကြားသော တေးအယ်လ်ဘမ်များမှာ Thriller, Beat it, Billie Jean, Bad and Man တို့ဖြစ်သည်။

**ဘီဘီစီ**

# ဘရပ်ဆဲလ်၌ ကျင်းပမည့် နေတိုးနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ယူကရိန်းအရေး ရုရှားကို ဖိအားပေးခြင်းဖြစ်

**ဘရပ်ဆဲလ် မေ ၁**

ယူကရိန်းနိုင်ငံရေး အရေးအခင်းကိုအကူအညီပေးရန်နှင့်အရှေ့ဥရောပရှိ မဟာမိတ်နိုင်ငံများ၏ စိုးရိမ်ကြောင့်ကြမှုကို ဖြေလျှော့ပေးရေး နည်းလမ်းများကို နေတိုးနိုင်ငံခြားရေးဝန်ကြီးများက ဘရပ်ဆဲလ်၌ကျင်းပသော အစည်းအဝေး၌ ဆွေးနွေးနေကြပြီဖြစ်သည်။

ခရိုင်းမီးယားဒေသကို ရုရှားတို့ သိမ်းယူကာ သံတမန်ဆိုင်ရာပြဿနာရပ်များဖြစ်ပေါ်ပြီး နေတိုးအဖွဲ့ဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ဝန်ကြီးများ ပထမဆုံးအကြိမ် အစည်းအဝေး တွေ့ဆုံကြခြင်းဖြစ်သည်။

ရုရှားတို့သည် ယူကရိန်းနယ်စပ်မှ ၎င်းတို့၏ တပ်ဖွဲ့ဝင်များအား တစ်စိတ်တစ်ပိုင်း ပြန်လည်ဆုတ်ခွာရန် အမိန့်ပေးထားပြီးဖြစ်သည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်နှင့် ဖုန်းဖြင့်ဆွေးနွေးပြောဆိုစဉ် တနင်္လာနေ့က ရုရှားသမ္မတပူတင်က ၎င်း၏တပ်များ ပြန်လည်ရုပ်သိမ်းရန် အမိန့်ပေးထားပြီးပြီဟု ပြောဆိုခဲ့သည်။ လက်ရှိ ကျန်ရှိနေဆဲ ထောင်ပေါင်းများစွာသော တပ်သားများက ယူကရိန်းအရှေ့ပိုင်းနယ်စပ်တစ်လျှောက် နေရာချထားဖွယ်ရှိသေးကြောင်း ဆိုသည်။

ရုရှားနိုင်ငံ စွမ်းအင်ကုမ္ပဏီတစ်ခုက ယူကရိန်းသို့ ပေးပို့သော ဓာတ်ငွေ့တန်ဖိုးကို အင်္ဂါနေ့မှ စပြီးတိုးမြှင့်လိုက်သည်။ ၎င်းကုမ္ပဏီက ယူကရိန်းထံမှ ပြီးခဲ့သည့်လက ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထက်မနည်း အကြွေးရရန်ရှိသည်ဟု ဆိုသည်။

ယခုအကြိမ် ကျင်းပသော ဘရပ်ဆဲလ်အစည်းအဝေးတွင် နေတိုးနိုင်ငံခြားရေးဝန်ကြီးများက မော်စကိုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ဆိုင်င့်ထားခြင်းတို့ကို ဆွေးနွေးကြမည်ဟု မျှော်လင့်ထားကြသည်။

**ဘီဘီစီ**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဆေးပညာသတင်းဆန်းများ(၆၀)

ဒေါက်တာကံညွန့်

လူတွေကို သေစေနိုင်တဲ့ရောဂါတွေကို ကူးစက်နိုင်တဲ့ရောဂါ Communicable Diseases နှင့် မကူးစက်နိုင်တဲ့ရောဂါ Non-communicable Diseases ဆိုပြီး အုပ်စုကြီးနှစ်ခုခွဲထားရာမှာ ကူးစက်ရောဂါများမှာတော့ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသည်းရောင်အသားဝါရောဂါစတဲ့ တစ်ဦးကတစ်ဦးကို ကူးစက်နိုင်တဲ့ရောဂါတွေပါဝင်ပါတယ်။

မကူးစက်နိုင်တဲ့ရောဂါတွေထဲမှာတော့ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါ၊ အဆုတ်ရောင်ရောဂါနှင့် ကင်ဆာရောဂါတွေ ထိပ်ဆုံးက ပါဝင်နေပါတယ်။ ဒါပေမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ နာတာရှည်ကျောက်ကပ်ရောဂါ (Chromic Kidney Disease) CKD ကိုလည်း ဒီမကူးစက်နိုင်တဲ့ရောဂါစာရင်းထဲမှာ ရှေ့တန်းကထည့်သွင်းရလိမ့်မယ်လို့ အဆိုပြုထားပါတယ်။ ဘာကြောင့်လဲဆိုတော့ သာမန်အရွယ်ရောက်လူတွေမှာ သွေးတိုးရောဂါဟာ ၂၈ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိပေမယ့် ဒီနာတာရှည်ရောဂါရှိသူတွေမှာ ၈၇ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိနေတာကြောင့်လို့ ဆိုပါတယ်။ ဒီသွေးတိုးမှုဟာ ကျောက်ကပ်ရောဂါကို ကောင်းမွန်စွာကုသမှုမခံရရင် အသက်အန္တရာယ်စိုးရိမ်စရာအလွန်ရှိတယ်လို့ ဆိုပါတယ်။ ဒီကျောက်ကပ်နာတာရှည်ရောဂါရှိသူတွေ ဆီးထဲမှာ Albumin ဓာတ်ပါခြင်း၊ ကျောက်ကပ်ရဲ့ ပုံမှန်အလုပ်ဖြစ်တဲ့ ဆီးထုတ်လုပ်မှုကျဆင်းခြင်းGlomerular Filtration Rate (GFR) နှင့် သွေးတိုးရောဂါကို မထိန်းနိုင်ခြင်းတို့ဖြစ်ပြီး အသက်ဆုံးရှုံးရတာဖြစ်ပါတယ်။

ဒါကြောင့် အသက် ၅၀ ကျော်အရွယ်တွေမှာ သတိထားပြီး ကျောက်ကပ်စစ်ဆေးခြင်းကို သက်ဆိုင်ရာသမားတော်တွေနှင့် ပြုလုပ်သင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

**ထိခိုက်ဒဏ်ရာအတွက် အမြန်အကျိုးသက်ရောက်ကုထုံး**

အားကစားနှင့် တခြားထိခိုက်ဒဏ်ရာရသူတွေအတွက် အမြန်အကျိုးသက်ရောက်စေတဲ့ ကုထုံးတစ်ခုကိုလည်း တင်ပြချင်ပါတယ်။ ဒီကုထုံးကို PRP(Platelet Rich Plasma) ဆေးသွင်းကုသနည်းလို့ အမည်ပေးထားပါတယ်။ ဒီကုထုံးဟာ ကုထုံးနည်းအသစ်တစ်ခုမဟုတ်ပါဘူး။ ဆေးပညာမှာ နဂိုက သုံးစွဲခဲ့တဲ့ ဆေးတွေကိုလည်း တချို့ပြန်ပြီး အသုံးဝင်လာသလို နဂိုသုံးခဲ့တဲ့ တချို့နည်းလမ်းတွေဟာလည်း ပြန်အသုံးချနိုင်တာတွေ့ရပါတယ်။ ကိုယ့်သွေးကို သွေးကြောထဲကစုပ်ယူပြီး ကိုယ့်အသားထဲပြန်ထိုးတာလို ယခင်က Auto Immuned Diseases ခေါ်မတည့်တဲ့ ရောဂါတွေမှာ အသုံးပြုခဲ့ကြတာပါ။ ဒီကုထုံးကို Auto-Haemotherapy လို့ ခေါ်ခဲ့ကြပါတယ်။ ယခုလည်း ဒီကုထုံးဟာ ဘာမှခဲခဲယဉ်းယဉ်းမရှိဘဲ လူနာထံက သွေးကိုယူခဲအောင်ထားလိုက်ပြီး အပေါ်ယံလွှာက သွေးရည်ကြည်ကို လူနာရဲ့ဒဏ်ရာမှာ ထိုးသွင်းကုသနည်းဖြစ်ပါတယ်။ ဒီကုသနည်းက အထူးအောင်မြင်နေတာကြောင့် ယခုနိုင်ငံတကာမှာ အသုံးပြုနေကြပြီဖြစ်ပါတယ်။ ထိုးလိုက်တဲ့ Plasma ရည်နှင့် Platelet ဟာလည်း မိမိကိုယ်ပိုင် သွေးထဲကဖြစ်တာကြောင့် မတည့်ခြင်း၊ ယားယံခြင်းဖြစ်ဖို့ အကြောင်းလဲမရှိဘူးလို့ ဆိုပါတယ်။ ရိုးရိုးသာမန်ကုထုံးထက် အနာကျက်ဖို့နှစ်ဆက သုံးဆထိပိုမြန်တယ်လို့ဆိုပါတယ်။ ထိခိုက်ဒဏ်ရာကြောင့် အရိုး၊ အဆစ်ရောင်ရမ်းသူတစ်ဦးမှာ သာမန်ကုထုံးဖြင့် ကုသပါက နာကျင်မှု၊ ရောင်ရမ်းမှု ပျောက်ကင်းအောင် တစ်လမှ နှစ်လအထိစောင့်ရသော်လည်း ဒီကုထုံးနဲ့ကုသပါက နှစ်ပတ်အတွင်း ပျောက်နိုင်တယ်လို့ ဆိုပါတယ်။ ဒီကုသမှုကို အသုံးပြုနေတဲ့ စင်ကာပူနိုင်ငံအားကစားနှင့် ထိခိုက်ဒဏ်ရာကုသမှု ဆရာဝန်ကြီးတစ်ဦးရဲ့ တင်ပြထားချက်ကို ဖော်ပြလိုက်ရပါတယ်။

**ရာနှုန်းပြည့်စိတ်မချရသေးတဲ့ AIDS ကာကွယ်ဆေး**

AIDS ရောဂါကာကွယ်ဆေးအဖြစ် Gi Lead ကုမ္ပဏီကထုတ်တဲ့ Trubada ဆေးပြားဟာ အနောက်နိုင်ငံတွေမှာ အတော်ခေတ်စားနေပါတယ်။ စမ်းသပ်မှုတစ်ခုမှာ ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်နိုင်စွမ်းရှိတယ်လို့ ဆိုထားပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို Gladstone Institute of Virology and Immunology ဌာနက သုတေသီဆရာဝန် တစ်စုကတော့ တကယ် AIDS ရောဂါဖြစ်နေသူနှင့် ဆက်ဆံတဲ့အခါမှာတော့ သတိထားကြရလိမ့်မယ်လို့ဆိုပါတယ်။ လိုအပ်တဲ့ တခြားကာကွယ်မှုတွေဖြစ်တဲ့ Condom အသုံးပြုခြင်း၊ ကာမဆက်ဆံပြီး ချက်ချင်းဆပ်ပြာနှင့် ပွတ်တိုက်ဆေးကြောခြင်းတို့ပါ ပြုလုပ်သင့်တယ်လို့ဆိုပါတယ်။ AIDS ရောဂါ သိသိသာသာဖြစ်နေသူတွေနဲ့တော့ ဒီဆေးပြားသောက်ပြီး ဆက်ဆံတာဟာ ရာနှုန်းပြည့် အကာအကွယ်မရနိုင်ဘူးလို့ ထောက်ပြထားပါတယ်။ ဒီအကြောင်းကို အမေရိကန်နိုင်ငံမှာထုတ်ဝေတဲ့ Public Library of Science PLOS ဂျာနယ်မှာဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

**လမ်းလျှောက်ခြင်းဖြင့် ဆီးချိုရောဂါကာကွယ်နိုင်**

မိဘနှစ်ပါးစလုံး ဆီးချိုရှိသူ၊ အဝလွန်သူနှင့် ဆီးချိုအတွက် စစ်ဆေးနည်းတစ်ခုဖြစ်တဲ့ Glucose Tolerance Test မှာ ဆီးချိုလို့သံသယဖြစ်ခံရသူ (Impaired Glucose Telerance IGT)၊ နံနက်စောစော အစာမစားခင် သွေးချိုစစ်လိုက်ရင် ၁၂၅-၁၃၀ ရှိနေတတ်သူ၊ အစာစားပြီး နှစ်နာရီကြာမှာ သွေးချိုစစ်လိုက်ရင် ၁၉၀-၂၀၀ ရှိတတ်သူတွေဟာ ဆီးချိုဖြစ်ဖို့ အလားအလာရှိသူတွေဖြစ်ပါတယ်။ ဒီလူတွေဟာ အချိုနှင့် ကဆီဓာတ်အစားအစာကိုပါ လျှော့စားပြီး တစ်နေ့ကို ခြေလှမ်း ၂၀၀၀ သို့မဟုတ် တစ်နေ့မှာ မိနစ် ၂၀ တစ်နှစ်တိတိ လမ်းလျှောက်ပေးခြင်းဖြင့် ဆီးချိုရောဂါဖြစ်မလာနိုင်အောင် ကာကွယ်နိုင်တယ်ဆိုတဲ့ လေ့လာချက်တစ်ခုကို တင်ပြချင်ပါတယ်။ ဒီလေ့လာချက်ကိုတော့ ဗြိတိန်နိုင်ငံ Leicester ဆေးတက္ကသိုလ်က ဆေးပညာရှင်တစ်စုက ပြုလုပ်တင်ပြခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဖွဲ့ဟာ နိုင်ငံပေါင်း ၄၀ က လူပေါင်း ၉၃၀၀ ကို လေ့လာထားခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ကိုယ်လက်လှုပ်ရှားမှုဟာ ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် သွေးကြောရောဂါတွေအပေါ် ဘယ်လိုသက်ရောက်မှုရှိတယ်ဆိုတာ ဦးတည်လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီလို IGT ဆီးချိုဖြစ်ရန် အလားအလာရှိသူတွေဟာ ကမ္ဘာတစ်လွှားမှာ ၃၄၄ သန်းရှိပြီး အရွယ်ရောက်သူအားလုံးရဲ့ ၈ ရာခိုင်နှုန်းခန့်ရှိနေတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီအခြေအနေမျိုးရှိသူတွေအတွက် အကုန်အကျမရှိ ပင်ပန်းမှုမရှိဘဲ ဆီးချိုရောဂါကို ကာကွယ်မှုပြုလုပ်ဖို့တင်ပြလိုက်ရပါတယ်။

**တရုတ်တိုင်းရင်းဆေးကုသခွင့်**

တရုတ်နိုင်ငံက တရုတ်တိုင်းရင်းဆေးပညာရှင်တွေဟာ ကမ္ဘာအနှံ့ ဆေးကုသမှုတွေ ပြုလုပ်နေကြပါတယ်။ တရုတ်လူမျိုးတွေကလည်း ကမ္ဘာအနှံ့ရှိနေကြတာကို။ ယခုတင်ပြလိုတဲ့ သတင်းကတော့ ဟန်ဂေရီနိုင်ငံက တရုတ်တိုင်းရင်းဆေးပညာရှင်တွေ ဆေးကုသခွင့်ကို ဘယ်လိုခွင့်ပြုထားသလဲဆိုတာ တင်ပြလိုက်ရပါတယ်။ အမှန်မှာတော့ ဟန်ဂေရီနိုင်ငံမှာရှိတဲ့ ဆေးကုနေတဲ့ ဆရာဝန်တွေဟာ အများအားဖြင့် ဟန်ဂေရီနိုင်ငံက ပေးအပ်တဲ့ ဆေးပညာဘွဲ့နှင့်တူညီတဲ့ဘွဲ့ရရှိတဲ့ ဆေးပညာရှင်တွေသာဖြစ်ပါတယ်။ တရုတ်တိုင်းရင်းဆေးပညာရှင်တွေနဲ့ တူညီတဲ့ပညာရပ်သင်ကြားမှုမျိုး သူတို့နိုင်ငံမှာ မရှိတဲ့အတွက် ဟန်ဂေရီနိုင်ငံ Ministry of Human Resource ဟာ ကျန်းမာရေးဥပဒေတစ်ခုကို ပြဋ္ဌာန်းလိုက်ပါတယ်။ ဒါကတော့ တရုတ်တိုင်းရင်းဆေးပညာရှင်တွေက တရုတ်နိုင်ငံမှာ ငါးနှစ်သက်တမ်းရှိတဲ့ တိုင်းရင်းဆေးပညာကို သင်ကြားထားကြောင်း ဘွဲ့လက်မှတ်ရှိရမှာဖြစ်ပြီး သူတို့နိုင်ငံမှာဖြစ်စေ၊ တခြားနောက်ဆုံးနေခဲ့တဲ့ နိုင်ငံတစ်ခုခုမှာဖြစ်စေ ဆေးကုသမှု ပိတ်ပင်တားဆီးခံထားရခြင်းမရှိဘူးဆိုတဲ့ အထောက်အထားရှိရင်ခွင့်ပြုမှာဖြစ်ကြောင်း ကြေညာလိုက်ပါတယ်။ ဒီဥပဒေကို ဟန်ဂေရီအစိုးရက Scientific Council of Health က တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းထုတ်ပြန်ခဲ့တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**နှစ်ပတ်တိတိသာစားရမယ့် တီဘီဆေးသစ်**

နောက်ဖော်ပြလိုတဲ့သတင်းကတော့ တီဘီရောဂါရှင်တွေအတွက် ဝမ်းသာစရာသတင်းပါ။ ယခင်က တီဘီရောဂါရှင်တွေဟာ စားဆေးတွေကို ရက်မပျက်ဘဲ ခြောက်လတိတိစားမှသာ ပျောက်ကင်းနိုင်တာပါ။ အဲဒီဆေးတွေကတော့ INH (Isoniazid) နှင့် နောက်ဆေးသုံးမျိုးဖြစ်တဲ့ Pyrazinamide Rifampin နှင့် Ethanbutol ဆေးထဲက သက်ဆိုင်ရာဆရာဝန်ကြီးတွေက ညွှန်းပေးတဲ့ ဆေးနှစ်မျိုးနှင့်တွဲပြီး စားရတာပါ။ ခြောက်လမှန်မှန် မစားလို့ ဆေးမတိုးတဲ့ ဝေဒနာတွေပေါ်လာပြီး ရောဂါမပျောက်နိုင်ဖြစ်ခဲ့ကြတာပါ။ ယခုတော့ ဆေးအသစ်တစ်ခုနှင့် ယခင်ဆေးတွေထဲက နှစ်မျိုးအပါအဝင် ဆေးသုံးမျိုးကို နှစ်ပတ်တိတိသာစားရမယ့် ကုထုံးတစ်ခုကို တောင်အာဖရိကနိုင်ငံ Stellenboch University က ဆေးပညာရှင်တစ်စုက စမ်းသပ်အောင်မြင်ခဲ့ပြီဖြစ်ကြောင်း ကြေညာလိုက်ကြပါတယ်။ အဲဒီဆေးသုံးမျိုးကတော့ Bedaquilline Rifamcyein , INH တို့ ဖြစ်ပါတယ်။ ဒီကုထုံးဟာ နဂိုခြောက်လသုံးရတဲ့ဆေးတွေကို ဆေးယဉ်ပါးနေတဲ့ ဝေဒနာရှင်တွေကိုလည်း အကျိုးတူ သက်ရောက်မှုရှိပြီး ၉၉ ရာခိုင်နှုန်း ကုသမှုအောင်မြင်နိုင်တယ်လို့ ဆိုပါတယ်။ ဒီကုထုံးတွေ့ရှိမှုဟာ နှစ်ရှည်လများ ပြုလုပ်လာခဲ့ရတဲ့ တီဘီရောဂါတိုက်ဖျက်ရေးအတွက် အထူးအရေးပါတဲ့ အောင်မြင်မှုတစ်ခုလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါဆိုင်ရာ ဆရာဝန်ကြီး Dr. Mario Raviglione ကလည်း ထောက်ခံပြောကြားလိုက်ပါတယ်။

တီဘီရောဂါဟာ ဖွံ့ဖြိုးမှုနည်းတဲ့နိုင်ငံအများစုမှာ ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ကာလကြာရှည်ရှိနေပြီး တစ်နှစ်မှာ လူဦးရေ ၁ ဒသမ ၄ သန်း အသက်ဆုံးရှုံးနေရတယ်လို့ သိရကြောင်း တင်ပြလိုက်ရပါတယ်။

**တုတ်ကောင်ကိုကုသဖို့ လွယ်ကူသွားပြီ**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကလည်း ဝမ်းသာစရာပါ။ လူတွေရဲ့ ခန္ဓာကိုယ်ထဲမှာရှိတတ်တဲ့ (Parasite)ခေါ် ကပ်ပါးပိုးတစ်မျိုးဖြစ်တဲ့ Tape Worm ခေါ်တဲ့ တုတ်ကောင်ကို ကုသနိုင်ဖို့ လွယ်ကူသွားပြီဆိုတဲ့ သတင်းပါ။ ဒီတုတ်ကောင်တွေရဲ့ မျိုးရိုးဗီဇကိုလေ့လာပြီး ဒီကောင်တွေရဲ့ရန်က ကာကွယ်နိုင်ဖို့ နဂိုရှိပြီး ဆေးတွေဖြစ်တဲ့ ကင်ဆာရောဂါ၊ ဗိုင်းရပ်စ်ရောဂါနှင့် တခြားရောဂါတချို့မှာ အသုံးပြုနေတဲ့ဆေးတွေနဲ့ ကုသနိုင်ပြီလို့ ကြေညာလိုက်ပါတယ်။ ဒီလေ့လာချက်ကိုတော့ အင်္ဂလန်နိုင်ငံ Cambridge တက္ကသိုလ်မှ သုတေသီတွေက ဒီ Tape Worm အကောင်တွေရဲ့ DNA ကို လေ့လာပြီး တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီ Tape Worm ခေါ်တဲ့ Parasite ခေါ် ကပ်ပါးအမျိုးအစားတွေမှာ Echinococcosis Cysticercosis, Onchocerceosis စတဲ့ အကောင်မျိုးတွေ ပါဝင်ပါတယ်။ ဒီကပ်ပါးပိုးတွေဟာ လူ့ခန္ဓာကိုယ်ထဲမှာ (Larva)ခေါ်တဲ့ ဥအသွင်နဲ့ နှစ်ရှည်လများနေနိုင်ကြပြီး လူရဲ့ခန္ဓာကိုယ်ခံအားကျဆင်းချိန်မှာ ဝက်ရူးပြန်ခြင်း၊ လေဖြတ်ခြင်း၊ မျက်စိကွယ်ခြင်းစတဲ့ ရောဂါတွေကို ဖြစ်စေပါတယ်။ ဒီရောဂါကို ထိရောက်အောင်ကုသဖို့ ဆေးအသစ်ဖော်စရာမလိုဘဲ ယခုရှိပြီးသားဆေးတွေကို အသုံးပြုနိုင်တော့မယ်ဆိုတာ ဝမ်းသာစရာသတင်းအဖြစ် တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လူအများနေ့စဉ်လိုလို အသုံးပြုနေရတဲ့ Aspirin ဆေးပြားဟာ Melanoma ခေါ်တဲ့ အရေပြားကင်ဆာရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံက Women Health Iniative အဖွဲ့ကြီးရဲ့ သုတေသနပြုချက်ကို American Cancer Society က ထုတ်ဝေတဲ့ Cancer ဂျာနယ်မှာ ဖော်ပြထားတာပါ။ Standford University က သုတေသီတွေဟာ အသက် ၅၀ မှ ၇၀ အတွင်း အမေရိကန်အမျိုးသမီး ၅၉၈၀၆ ဦးကို ၁၂ နှစ်ကြာ လေ့လာမှုပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ Aspirin ဆေးပြားကို နှစ်ဘယ်လောက်ကြာ သုံးခဲ့သလဲပေါ်မှာ မူတည်ပြီး အနည်းဆုံးငါးနှစ်အထက် သုံးခဲ့သူတွေမှာ အရေပြားကင်ဆာရောဂါကို အနည်းဆုံး ၃၀ ရာခိုင်နှုန်း ကာကွယ်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ Aspirin ကို ယခုအခါ နှလုံးရောဂါဖြစ်နိုင်ခြေရှိသူတွေအတွက် သွေးကျဲဆေးအဖြစ် အသုံးပြုပြီး ယခင်တွေ့ရှိချက်တွေအရ အူမကြီးကင်ဆာဖြစ်ပေါ်မှုကိုလည်း ကာကွယ်နိုင်တယ်လို့ဆိုထားကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

## ဓာတ်အားခန့်ခွဲထားမှုများ ပြင်ဆင်မှုရှင်းလင်းပွဲကျင်းပ

ဘားအံ ဧပြီ ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဓာတ်အားခန့်ခွဲထားမှုများ ပြင်ဆင်ပြောင်းလဲကောက်ခံမည့်အခြေအနေနှင့်ပတ်သက်၍ ဘားအံမြို့ ဖွဲ့ကပင်ခန်းမတွင် မတ်လနောက်ဆုံးပတ်က မွန်းလွဲ ၁ နာရီခွဲက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ပြည်သူများထံသို့ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းနှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်များ၊ ပြည်နယ်အဆင့်ဝန်ကြီးများ၊ တိုင်းရင်းသားဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ စက်မှုဇုန်နှင့်စက်မှုလုပ်ငန်းရှင်များ၊ ပြန်ကြားရေးနှင့် သတင်းမီဒီယာများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)



## ရသေ့တောင်မြို့တွင် ဓာတ်တိုင်များစိုက်ထူပြီးစီး

စစ်တွေ ဧပြီ ၁

ရခိုင်ပြည်နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းမှလျှပ်စစ်ဓာတ်အားဝင်ရောက်လာပါက အဆင့်ဆင့်ဖြစ်နေစေရန်အတွက် ရသေ့တောင်မြို့တွင် ကွန်ကရစ်ဓာတ်တိုင်များစိုက်ထူပြီးစီးပြီဖြစ်သည်။ **(အပေါ်ပုံ)**

ရခိုင်ပြည်နယ်တွင်းသို့ ရိုးမအရှေ့ဘက်ရှိ ရေအားလျှပ်စစ်စီမံကိန်း မဟာဓာတ်အားလိုင်းစနစ်များမှ လျှပ်စစ်ဓာတ်အားများ ဝင်ရောက်လာပါက ဓာတ်အားစနစ်ကောင်းမွန်စေရေး၊ ဗို့အားပြည့်မီစေရေးနှင့် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ရသေ့တောင်မြို့တွင် သစ်သားဓာတ်တိုင် ၁၆၈ ကို ကွန်ကရစ်ဓာတ်တိုင် ၁၆၀ ဖြင့် အစားထိုးလဲလှယ်ခြင်း၊ သံလက်တန်းများ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၅ ရက်ကစ၍ ဆောင်ရွက်ခဲ့ကြသည်။

"ကျွန်တော်တို့မြို့နယ်မှာ ယခင်ရှိတဲ့ သစ်သားတိုင်တွေကို ကိုးမီတာအမြင့်ရှိတဲ့ ကွန်ကရစ်တိုင်တွေနဲ့ အစားထိုးလဲလှယ်ပါတယ်။ မဟာဓာတ်အားလိုင်း ဝင်ရောက်လာရင် အဆင်သင့်ဖြစ်ပြီပေါ့။ သံလက်တန်းတွေကိုလည်း လဲလှယ်ပါတယ်။ မတ် ၁၇ ရက်က တိုင်အားလုံးတပ်ဆင်ပြီးပါတယ်။ ကြိုးတပ်ဆင်တာရယ်၊ အခြားလုပ်ငန်းတွေကတော့ မတ် ၃၀ ရက်ကပြီးသွားပါပြီ။ ကြိုးကတော့ ယခင်ရှိတဲ့ ဝိုင်ယာကြိုးတွေကိုပဲ တပ်ဆင်ထားပါသေးတယ်" ဟု ရသေ့တောင်မြို့မှ မြို့နယ်လျှပ်စစ်မှူး ဦးကျော်ကျော်မင်းက ပြောပြသည်။

ရခိုင်ပြည်နယ် ရသေ့တောင်မြို့သို့ အမ်း-မင်းဘူး-ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်းစနစ်မှတစ်ဆင့် လျှပ်စစ်ဓာတ်အားသွယ်တန်းပေးမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းသို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ယခုအခါ ရသေ့တောင်မြို့တွင် လျှပ်စစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်ခြင်းနှင့် ကြိုးတပ်ဆင်ခြင်းလုပ်ငန်းများကို မတ် ၃၀ ရက်က ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**လေးဝတီထွန်းစောခိုင်**

## မိုးကောင်း၌ ကျေးလက်ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်

မိုးကောင်း ဧပြီ ၁

မိုးကောင်းမြို့နယ် နမ္မတီးနှင့် အောင်သာကျေးရွာအုပ်စုတို့၌ ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၏ ထောက်ပံ့ငွေကျပ်လေးသန်းစီဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ နှစ်လက်မစက်ရေတွင်းတူးဖော်ခြင်း၊ ရေစုကန်နှင့်ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေနေ့စဉ်ရရှိသုံးစွဲကာ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၄၆ သန်းဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းခြောက်ခုကို အောင်မြင်စွာ ဆောင်ရွက်ပေးထားကြောင်း သိရသည်။ (ဝ၆၂)

ပြည်တွင်းသတင်း

# ပြည်သူ့ဝန်ထမ်းများသည် တာဝန်ကျရာဒေသတွင် ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာလိုသဘောထားကာ စေတနာထားဆောင်ရွက်

နေပြည်တော် ဧပြီ ၁

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဇေယျာသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးရွှေမန်းသည် ဧပြီ ၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇေယျာသီရိမြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအားတွေ့ဆုံပြီး မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။** (ယာပုံ)





တွေ့ဆုံပွဲသို့ ဇေယျာသီရိမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက မြို့နယ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးညွန့်ထွေးက မြေယာနစ်နာကြေးပေးရန် တင်ပြချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင်က ဇေယျာသီရိမြို့နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် နစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့သည် လွှတ်တော်အစည်းအဝေးများ ပြီးဆုံးချိန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ ပထမဆုံးနေ့ဖြစ်ပါကြောင်း၊ ဇေယျာသီရိမြို့နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရခြင်းမှ ကာကွယ်ပေးရန်နှင့် သိမ်းဆည်းခံရမှုများကြောင့် နစ်နာမှုမရှိစေရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန်နှင့် ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စု လွှတ်တော်၏ တိုက်တွန်းအဆိုပြုမှုအပေါ် နိုင်ငံတော်သမ္မတက လယ်ယာမြေနှင့် အခြားမြေများ မတရားသိမ်းဆည်းမှုများ မဖြစ်ပေါ်စေရေးအတွက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းအား တာဝန်ပေးအပ်ပြီး မြေယာအသုံးချရေးစီမံခန့်ခွဲရေးကိစ္စများကို တာဝန်ခံကြီးကြပ်ဆောင်ရွက်စေခဲ့ရာ ယခုအခါ ထိုကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်အသီးသီး၌လည်း ရုံးများဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ နယ်မြေအလိုက် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတက တိုက်တွန်းခဲ့ပါကြောင်း၊ မိမိသည် ဇေယျာသီရိမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ဤမြို့နယ်တွင် ပါဝင်ဆောင်ရွက်သွားမှာဖြစ်သလို တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်ဟုလည်းခံယူ၍ ယခုလို ဇေယျာသီရိမြို့နယ်တွင် စတင်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

ဤမြို့နယ်အတွင်း တိုင်ကြားတင်ပြလာသော တိုင်ကြားစာများနှင့် ပတ်သက်၍ ဖွဲ့စည်းထားသော စီမံခန့်ခွဲရေးကော်မတီသည် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီ၊ ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီနှင့် လိုအပ်ပါက ဒေသခံပြည်သူများ၏ တင်ပြချက်များကိုပါရယူ၍ မှန်ကန်မျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရမှာဖြစ်သလို အခြားဌာနအဖွဲ့အစည်းများမှလည်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန် ကိစ္စများရှိလာပါက သက်ဆိုင်ရာသို့တင်ပြ၍ ညှိနှိုင်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း သမ္မတကြီး၏ တိုက်တွန်းချက်နှင့်အညီ ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတကြီးက သန့်ရှင်းသောအစိုးရ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်ပေါ်စေရေး လုပ်ငန်းဆောင်တာများကို Top Down အထက်မှ အောက်သို့အစား၊ Bottom Up အောက်မှအထက်သို့ ဆောင်ရွက်ကြရန် မိန့်ကြားထားပြီးဖြစ်ပါကြောင်း၊ အချို့ကဝေဖန်ပြောဆိုရာတွင် အထက်မှအပြောင်းအလဲများပြုလုပ်နေကြသော်လည်း အောက်ခြေပိုင်းဝန်ထမ်းများ ပါဝင်မှုမရှိသေးခြင်းကြောင့် အခက်အခဲများရှိနေကြောင်း ပြောဆိုမှုများကို မိမိအနေဖြင့် အပြောမခံစေလိုပါကြောင်း၊ မိမိတို့ ပြည်သူ့ဝန်ထမ်းများသည် တာဝန်ကျရာဒေသတွင် ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာလို သဘောထားကာ စေတနာထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ လိုအပ်တာများရှိကလည်း ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း။

လယ်ယာမြေနှင့်အခြားမြေများ မတရားသိမ်းဆည်းမှု မခံရရေးနှင့် မြေယာစီမံခန့်ခွဲရေး ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်နိုင်ရန်၊ လုပ်ဆောင်တတ်ရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှသက်ဆိုင်သည့် ကဏ္ဍအလိုက် တာဝန်ရှိသူများကိုပါ ဤအစည်းအဝေးသို့ ခေါ်လာခဲ့ပါကြောင်း။

ပြည်သူ့ကိုယ်စားလှယ်တစ်ဦး အနေဖြင့် ပြီးခဲ့သောလွှတ်တော် အစည်းအဝေး၏ အတွေ့အကြုံများကို ယခုတက်ရောက်လာသော ပုဂ္ဂိုလ်များမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများအား ရှင်းလင်းတင်ပြလိုပါကြောင်း။

ပြီးခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး၌ အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို အောင်မြင်စွာအတည်ပြုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရက တင်ပြသည့် ဘတ်ဂျက်ကို ပြည်ထောင်စုလွှတ်တော်က ဖြတ်တောက်ခြင်းမပြုလိုပါကြောင်း၊ မပြုခဲ့ပါကြောင်း၊ သို့သော် တင်ပြလာသည့်စီမံကိန်းများသည် ပြည်သူများအတွက် အကျိုးမရှိပါကငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ဖြတ်တောက်ခြင်းများကို ပြည်ထောင်စုလွှတ်တော်က လုပ်ဆောင်ခွင့်ရှိပါကြောင်း၊ ယင်းသို့ ငြင်းပယ်ဆိုင်းငံ့ဖြတ်တောက်လိုက်၍ ပိုထွက်လာသည့် ငွေများကို ပြည်သူများအကျိုးရှိမည့် စီမံကိန်းများ၌ ထည့်သွင်းရေးဆွဲရန် ညှိနှိုင်းခဲ့ရာ အစိုးရအဖွဲ့ကလည်း လွှတ်တော်၏ ညှိနှိုင်းအတည်ပြုချက်အတိုင်း စီမံကိန်းများကို ပြင်ဆင်ရေးဆွဲခဲ့၍ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကျိုးများစွာ ရှိခဲ့ပါကြောင်း။

ယခုနှစ်တွင် ယခင်နှစ်များက တစ်ကြိမ်မျှ မပြဋ္ဌာန်းဖူးသည့်အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ပြည့်စုံကောင်းမွန်မှုရှိသည်ဟု မဆိုနိုင်သော်လည်း နောင်နှစ်များတွင် ယခုထက် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် စေတနာရှိလျှင် ရှိသလောက်အပင်ပန်းခံ ဆောင်ရွက်ကြရပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီးလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဇေယျာသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးရွှေမန်းသည် အစည်းအဝေးမတိုင်မီ မြို့နယ် မြေယာစီမံခန့်ခွဲရေးရုံးသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါကော်မတီသို့ တင်ပြတိုင်ကြားစာ ၆၄ ခုရှိပြီး ထိုတိုင်ကြားစာများအား စိစစ်ပြီး အမြန်ပြီးပြတ်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ဆက်သွယ်မှုများမပြတ်တောက်စေရေး၊ အမြဲကောင်းမွန်ရေး စစ်ဆေးမှာကြား

**နေပြည်တော် ဧပြီ ၁**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြတ်ဟိန်းသည် မတ် ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)ဆွာမြို့ အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကေတုမတီမြို့သစ်ရှိ စာတိုက်စခန်းနှင့် အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား ဆက်သွယ်မှုများ မပြတ်တောက်စေရေးနှင့် အဝေးဆက်သွယ်မှုလိုင်းများ အမြဲကောင်းမွန်ရရှိစေရေး မှာကြားသည်။

ဆက်လက်၍ တောင်ငူမြို့သို့ ရောက်ရှိပြီး GSM/UMTS စခန်း၊ အော်တိုအိတ်ချိန်းစက်ခန်း၊ Micro wave စက်ခန်းနှင့် စာတိုက်စခန်းကိုလည်းကောင်း၊ ပဲခူးမြို့တိုင်းဒေသကြီး မန်နေဂျာရုံးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းမှုမူဘောင် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆွေးနွေး

**နေပြည်တော် ဧပြီ ၁**

(၂၂) ကြိမ်မြောက် အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ဆောင်ရွက်သည်။

ယနေ့ အစည်းအဝေးတွင် ငွေကြေးနှင့် ငွေရေးကြေးရေးလုပ်ငန်းများဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များကို ပေါင်းစည်းဖော်ဆောင်ရေးနှင့် အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးအခြေခံမူဘောင်နှင့်အညီ အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းမှုမူဘောင် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှု၊ ငွေလုံးငွေရင်းစာရင်း လွှတ်လပ်ခွင့်ပြုရေးလုပ်ငန်းများ၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် စသည့်လုပ်ငန်းများကို ပူးပေါင်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး၌ အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများဖြစ်သည့် ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု၊ အာရှငွေချေးစာချုပ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်မှု၊ သုတေသနလုပ်ငန်းအုပ်စုနှင့်ရှေ့ဦးစားပေး အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များ၏ တိုးတက်မှု အစီရင်ခံစာများအပေါ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ယနေ့ အစည်းအဝေး၏ ရလဒ်များကို ဧပြီ ၄ ရက်တွင် ဆက်လက်ကျင်းပမည့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တင်ပြဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက် ဝန်ထမ်းအိမ်ရာ ခရေပင်လမ်းခွဲတွင် ကောက်ကွက် (၃)အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဆရာဦးအောင်ဝင်း၊ (အလကခွဲ ခေတ်အေး)နှင့်ဆရာမ ဒေါ်တင်တင်နွယ် (စက်ကုန်းအမက)တို့မှ သန်းခေါင်စာရင်း ကောက်ယူနေသည်ကို တွေ့ရစဉ်။**

ကိုမြင့်သန်း(အောက်ဆီဂျင်)



## ကျန်ရစ်သူပင်စင်ငွေလုံးငွေရင်း ပေးအပ်ပွဲကျင်းပ

**အောင်လံ ဧပြီ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ သကြားစက်ရုံ ကံလှမှ အာမခံအလုပ်သမား ဦးဇော်မင်း၏ဇနီး ဒေါ်ယဉ်ညိုထွန်းအား ကျန်ရစ်သူပင်စင်ငွေလုံးငွေရင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီက လူမှုဖူလုံရေးရုံး ဧည့်ခန်းမ၌ ကျင်းပရာ မြို့နယ်လူမှုဖူလုံရေးဦးစီးအရာရှိ ဦးဝင်းစိုးက ဦးဇော်မင်း၏ဇနီး ဒေါ်ယဉ်ညိုထွန်းအား ကျန်ရစ်သူပင်စင်ငွေလုံးငွေရင်း ကျပ် ၂၃၀၆၆၀၁ ဒသမ ၀၃ ပြားကို ထုတ်ပေးခဲ့သည်။ **သိန်းလွင်**(iprd)

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**

ပြည်တွင်းသတင်း



## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသားများ လေ့လာရေးခရီးထွက်ခွာ

**စစ်ကိုင်း ဧပြီ ၁**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ် (၄၄)ဒုတိယနှစ်မှ သင်တန်းသား သင်တန်းသူ ၂၀၀ သည် ပါမောက္ခ ဒေါ်ခင်စန်းတင့် ဦးဆောင်လျက် ကြီးကြပ်ဆရာ၊ ဆရာမ ၁၅ဦးနှင့်အတူ ဒေသန္တရဗဟုသုတ တိုးပွားစေရန်နှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်နေမှုများကိုလေ့လာရန် မတ် ၃၁ ရက်က မုံရွာမြို့ ဗောဓိတစ်ထောင်ရပ်တော်မူဘုရားကြီးသို့ ရောက်ရှိဖူးမြော်လေ့လာကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် မိုးညှင်းသမ္ဗုဒ္ဓေဘုရား **(အပေါ်ပုံ)**၊ ကျောက္ကာရွှေဂူနီဘုရားနှင့် ကျောက္ကာယွန်းထည်လုပ်ငန်း၊ မုံရွာမြို့လယ်တီကျောက်စာတို့ကို လေ့လာခဲ့ကြသည်။

ထို့အတူ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ် (၄၅)ပထမနှစ်မှ သင်တန်းသား သင်တန်းသူ ၁၁၁ ဦးသည် ဌာနကြီးမှူး(သင်တန်းရေးရာ) ဦးသိန်းတင့် ဦးဆောင်လျက် ကြီးကြပ်ဆရာ ဆရာမ ၁၅ ဦးနှင့်အတူ မတ် ၂၈ ရက်က မင်းကွန်းဒေသသို့ သွားရောက်လေ့လာခဲ့ကြသည်။ အဆိုပါလေ့လာရေးအဖွဲ့သည် မင်းကွန်းဒေသရှိ မြသိန်းတန်စေတီ၊ မင်းကွန်းခေါင်းလောင်းတော်ကြီး၊ ပုထိုးတော်ကြီးတို့ကို လှည့်လည်ဖူးမြော်ခဲ့ကြသည်။ ထို့နောက် တိပိဋကမဓမ္မနာဒကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်၊ ဇွန်ဆေးဝါးနှင့်စားသောက်ကုန်လီမိတက်(ချောင်းပေါက်)တို့ကို လေ့လာခဲ့ကြသည်။

လေ့လာရေးခရီးစဉ်များတွင် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ● *ကျောဖုံးမှ*

ပျောက်ဆုံးလေယာဉ်သည် မတ် ၈ ရက် စောစောပိုင်းက ကွာလာလမ်ပူမှ ပေကျင်းသို့ ပျံသန်းစဉ် အရပ်ဘက်ရေဒါနှင့် အဆက်မပြတ်မီအချိန်လေးတွင် လေယာဉ်နှင့်မြေပြင် ဆက်သွယ်ရေးအကြား “ဂွတ်နိုက်မလေးရှားသရီးဆဲဗင်းဇီးရိုး” ဟူသော စကားလုံးများပြောကြားခဲ့သည်ကို မှတ်တမ်းအရသိရကြောင်း မလေးရှားအာဏာပိုင်များက သတင်းထောက်များကို ပြောကြားသည်။

မလေးရှားအစိုးရအနေဖြင့် လေယာဉ်ပျောက်နှင့် ပတ်သက်သော ကိုင်တွယ်ပုံ မပီပြင်မှု၊ သတင်းအချက်အလက်များ ထိမ်ချန်မှုဟူသော စွပ်စွဲချက်များဖြင့် သက်ဆိုင်ရာတရုတ်မိသားစုများထံမှ ထိုးနှက်ဝေဖန်မှုများစွာ ခံနေရစဉ် လေယာဉ်မှူးအခန်းမှလာသော ယင်းနောက်ဆုံးစကားလုံးများကို ပြင်ဆင်လိုက်ခြင်းဖြစ်ကြောင်း ဆိုသည်။

မလေးရှားပို့ဆောင်ရေးဝန်ကြီး ဟီရှန်မုဒ္ဒင်ဟူစိန်က ယင်းစကားလုံးမှတ်တမ်းများမှာ ထူးခြားမှုတစ်စုံတစ်ရာမတွေ့ရကြောင်း ပြောဆိုခဲ့သော်လည်း စကားလုံးများ ပြောင်းလဲရသည့်အကြောင်းရင်းကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

စစ်ဘက်ရေဒါနှင့် ဂြိုဟ်တုအချက်အလက်များအရ လေယာဉ်၏ နောက်ဆုံးရေဒီယိုထုတ်လွှင့်ချက် ဖမ်းယူရရှိပြီး မကြာမီ လေယာဉ်နှင့် ဆက်သွယ်ရေးပြတ်တောက်ခဲ့ကြောင်း လေယာဉ်မှာ မလေးရှားကျွန်းဆွယ်ဘက် ပြန်လှည့်ပြီးနောက် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းသို့ ပျံသန်းခဲ့ကြောင်း ဆိုသည်။

ယခုအခါ နိုင်ငံတကာရှာဖွေရေးအဖွဲ့များသည် ပတ်သ်မြို့အနောက်ဘက် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း၌ ကျယ်ပြန့်သောပင်လယ်ပြင်၌ ရှာဖွေမှုများ ပြုလုပ်နေကြသည်။ သို့သော်လည်း ရှာဖွေရေးလုပ်ငန်းမှာ ရက်သတ္တလေးပတ်ထဲဝင်ရောက်လာသည့်တိုင် ခိုင်မာသောအထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိကြသေးပေ။

မလေးရှားအစိုးရက လေယာဉ်မှာ တမင်တကာလမ်းကြောင်းလွှဲလိုက်ပုံရကြောင်း၊ လေယာဉ်ပေါ်တွင် လေယာဉ်အကြောင်းကောင်းစွာ သိရှိနားလည်သူတစ်ဦးက လေယာဉ်ကို ထိန်းချုပ်ထားပုံရကြောင်း ကောက်ချက်ချခဲ့သဖြင့် လေယာဉ်မှူး သို့မဟုတ် ဒုလေယာဉ်မှူးတစ်ဦးဦးက ပါဝင်ပတ်သက်ပုံရသည်ဆိုသော သံသယများထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း စုံစမ်းရေးမှူးများကမူ လေယာဉ်ပျောက်ဆုံးမှုနှင့်လေယာဉ်ပေါ်ပါရှိသော ခရီးသည် ၂၂၇ ဦးနှင့်လေယာဉ်ဝန်ထမ်း ၁၂ ဦးတို့ ဆက်သွယ်ပတ်သက်မှုမရှိကြောင်း အတည်ပြုပြောဆိုသည်။ ဧပြီ ၁ ရက်က ပင်လယ်ပြင်ရှာဖွေရေးအဖွဲ့တွင် သင်္ဘောကိုးစင်းနှင့်လေယာဉ် ၁၀ စင်းတို့ပါဝင်ပြီး ရေဒါနှင့်ဂြိုဟ်တုအချက်အလက်များအရ ဩစတြေးလျအာဏာပိုင်များက ရှာဖွေနယ်ပယ်ကိုမြောက်ဘက် ကီလိုမီတာ ၁၁၀၀ သို့ ရွှေ့ပြောင်းလိုက်ကြသဖြင့် ရှာဖွေရေးလုပ်ငန်းများ ပိုမိုထိရောက်မှုရှိလာမည်ဟု မျှော်လင့်ရသည်။

ယခုရှာဖွေနယ်ပယ်သစ်၏အကျယ်အဝန်းမှာ အိုင်ယာလန်နိုင်ငံလောက်ရှိသည့်အပြင် သတင်းအချက်အလက် မျှဝေမှုအားနည်းနေသဖြင့် ပျောက်ဆုံးသင်္ဘောရှာဖွေရေးမှာ အခက်အခဲများ ဆက်လက်ရှိနေဦးမှာဖြစ်ကြောင်း ဩစတြေးလျအေဂျင်စီအကြီးအကဲဖြစ်သူ မာရှယ်ဟောက်စတန်က သတင်းထောက်များကို ပြောကြားသည်။ ထို့ပြင် မာရှယ်ဟောက်စတန်က အကယ်၍ ပျောက်ဆုံးလေယာဉ်နဲ့ပတ်သက်တဲ့ အထောက်အထားတွေ မရဘူးဆိုရင်တော့ နောက်ထပ်မိမိတို့ ဘာတွေဆက်လုပ်မည်ကို ပြန်၍သုံးသပ်ရမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

ပတ်သ်မြို့မှ လေယာဉ်ရှာဖွေရေးအရာရှိဖြစ်သူ မစ်ခ်တင်လီက ရှာဖွေနယ်ပယ်သစ်မှရသော ဂြိုဟ်တုပုံရိပ်များမှာ ယခင်ကရသောဂြိုဟ်တုပုံရိပ်များ ထက်ပင်စိတ်ချရမှုမရှိကြောင်း၊ ထို့ကြောင့် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်အနေဖြင့် ဧပြီ ၂ ရက်တွင် ပတ်သ်မြို့သို့သွားပြီး ပင်လယ်ပြင်ရှာဖွေရေးကို ကိုယ်တွေ့ကြည့်ရှုမည်ဖြစ်သည့်အပြင် ဩစတြေးလျဝန်ကြီးချုပ်တိုနီ အက်ဗော့နှင့်တွေ့ဆုံကာ လိုအပ်သောအကူအညီများ တောင်းခံသွားမည်ဖြစ်ကြောင်း ဆိုသည်။

ဩစတြေးလျစစ်သင်္ဘော "Ocean Shield" သည် အမေရိကန်ခေတ်မီ black box အနံ့ခံရှာဖွေကိရိယာနှင့် ရေအောက်မောင်းသူမဲ့သင်္ဘောကို တင်ဆောင်ကာ လာမည့်ရက်ပိုင်းအတွင်း နိုင်ငံတကာရှာဖွေရေးအဖွဲ့များနှင့် လာရောက်ပူးပေါင်းကာ လေယာဉ်ရှာဖွေရေးလုပ်ငန်း၌ ပါဝင်မည်ဟု သိရသည်။

**(ရိုက်တာ/ဆင်ဟွာ)**

## သက်တော်ဝါတော်ကြီးရင့်သည့် ဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**နေပြည်တော် ဧပြီ ၁**



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင် နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဇမ္ဗူသီရိ ဖောင်ဒေးရှင်းတို့၏စီစဉ်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သက်တော်ဝါတော်ကြီးရင့်သည့် ဆရာတော်ကြီးများအား မတ် ၃ ရက်မှစတင်၍ X-ray စက်၊ 4D-Ultra Sound စက်၊ CT-Scan စက်များဖြင့် ကျန်းမာရေးစောင့်ရှောက်စစ်ဆေးပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်မှ ဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်ကုသပေးနေမှုများကို နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် တာဝန်ရှိသူများကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**ရွှေကုက္ကိုလ်**

## ကျေးလက်စာဖတ်ရှိန်မြှင့်တင်ရေး ကျောင်းသား ကျောင်းသူများတက်ကြွစွာလုပ်အားပေး အထက်မြန်မာပြည်အတွက် မဟာအောင်မြေနှင့် စဉ့်ကိုင်နှစ်မြို့နယ်တွင် ကျင်းပသွားမည်

**စဉ့်ကိုင် ဧပြီ ၁**

စဉ့်ကိုင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၂ အုပ်စုတွင် ကျေးလက်ဒေသများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်း ၂၁၀ ကို ဧပြီ ၁ ရက်မှ မေလ ၁၅ ရက်အထိ ပြုလုပ်သွားမည်ဟု သိရသည်။

ထိုသို့ မြို့နယ်အတွင်း စာဖတ်ဝိုင်းများကျင်းပရာ ကျေးရွာများသို့ ကျောက်ဆည်တက္ကသိုလ်မှ သရုပ်ပြ/နည်းပြ ခြောက်ဦး၊ လက်ထောက်ကထိကလေးဦးအပါအဝင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် ပါဝင်လုပ်အားပေးကြမည် ဖြစ်ကြောင်း၊ ကျောက်ဆည်တက္ကသိုလ်မှ လုပ်အားပေး ဆရာ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ဧပြီ ၁ ရက် နံနက် ၈ နာရီတွင် ကြိုဆိုရေးကား ၁၀ စီးဖြင့် သွားရောက်ကြိုဆိုပြီး သက်ဆိုင်ရာကျေးရွာများအရောက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာကျေးရွာများတွင် တစ်လခွဲခန့်နေထိုင်ပြီး ဒေသခံဆရာ ဆရာမများနှင့်ပူးပေါင်းကာ နေ့ပိုင်းတွင် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ၌ ပါဝင်ကူညီဆောင်ရွက်ပေးပြီး ညပိုင်းတွင် သက်ဆိုင်ရာကျေးရွာများ၏ သတ်မှတ်နေရာများ၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းများ ကျင်းပသွားကြမည်ဖြစ်ကြောင်း၊ လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများကို လူ ၂၀ လျှင် တစ်ယူနစ်နှုန်း သတ်မှတ်ပြီး ကျောင်းသားတစ်ယူနစ်ကို ကျောက်ဆည်တက္ကသိုလ်မှ နည်းပြ/သရုပ်ပြနှင့် လက်ထောက်ကထိက တစ်ဦးတို့က ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို စဉ့်ကိုင်မြို့နယ် ပညာရေးမှူးရုံးမှ အနီးကပ်ကြီးကြပ်ပြီး လက်ထောက်မြို့နယ်ပညာရေးမှူးနှစ်ဦးက တစ်ဦးလျှင် စာဖတ်ဝိုင်း ၁၀၀ ကျော်ကို တာဝန်ယူရမည်ဖြစ်ကြောင်း၊ အထက်မြန်မာပြည်အတွက် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ် နှစ်မြို့နယ်တည်းသာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မဟာအောင်မြေမြို့နယ်အတွက် ရတနာပုံတက္ကသိုလ်မှ ကထိက ဆရာ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများက လုပ်အားပေးကြမည်ဖြစ်ကြောင်း၊ စဉ့်ကိုင်မြို့နယ် ဆည်ရွာအထက်တန်းကျောင်းခွဲ၌ ဧပြီ ၆ ရက် နံနက်တွင် ဖွင့်ပွဲပြုလုပ်မည်ဖြစ်ကြောင်း ဒေသခံမူလတန်းကျောင်းအုပ်ဆရာမကြီးများထံမှ သိရသည်။

### ထည့်သွင်းပြောကြား

“စဉ့်ကိုင်မြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေးနဲ့ စာဖတ်ဝိုင်းများကျင်းပနိုင်ဖို့ ကျောက်ဆည်တက္ကသိုလ်မှ အုပ်ချုပ်သူ ဆရာ ဆရာမများနဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တာဝန်ယူစေလွှတ်ပေးဖို့ အကြောင်းကြားစာ ရောက်လာတော့ ကျောင်းသား ၂၀၀ ပြည့်ပါ့မလားဆိုပြီး စိုးရိမ်စိတ်ဖြစ်ရပါတယ်။ ဒါပေမယ့် တကယ်လက်တွေ့စာရင်းကောက်ယူလိုက်တော့ ကျောင်းသား ကျောင်းသူ ၅၀၀ လောက် စာရင်းပေးလာကြလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒါနဲ့ သက်ဆိုင်ရာဌာနမှူးတွေနဲ့ တိုင်ပင်ပြီး ရပ်ဝေးဒေသက ကျောင်းသား ကျောင်းသူတွေကိုဖယ်ပြီး ကျောင်းသား ၂၀၀ ကို ဆန်ခါတင်ရွေးချယ်ခဲ့ပါတယ်။ အခုလို ကျေးလက်စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်မှာ အားကြိုးမာန်တက်ပါဝင်ခဲ့တဲ့ ကျောက်ဆည်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ယူလို့မဆုံးပါဘူး” ဟု ဧပြီ ၁ ရက် နံနက် ၉ နာရီက ကျောက်ဆည်တက္ကသိုလ် ဧကရာဇ်ခန်းမ၌ပြုလုပ်သော လုပ်အားပေးကျောင်းသားများ နှုတ်ဆက်အားပေးဂုဏ်ပြုပွဲအခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က ထည့်သွင်းပြောကြားသွားကြောင်း သိရသည်။

“မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်သူများစာတတ်မြောက်မှုမှာ ၉၅ ဒသမ ၉၉ ရာခိုင်နှုန်းရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး၏ စာတတ်မြောက်မှုမှာ ၉၅ ဒသမ ၅၀ ရာခိုင်နှုန်းရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုလှုပ်ရှားမှုမှာ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ဝိုင်းများကျင်းပရေးလှုပ်ရှားမှုဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်၌ တက်ကြွစွာပါဝင်လုပ်အားပေးခဲ့သော မောင်တို့မယ်တို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အထူးကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ ရောက်ရာဒေသ၌ မိသားစုသဖွယ် တစ်သားတည်းဖြစ်အောင် နေထိုင်ကြစေလိုကြောင်း၊ ရေပြောင်း မြေပြောင်း ဥတုပြောင်းတွင် ကျန်းမာရေးကို အထူးဂရုစိုက်ကြစေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ဒေသခံရပ်မိရပ်ဖများကလည်း မိမိတို့သားသမီးများသဖွယ် စောင့်ရှောက်မှုပေးစေလိုကြောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း မိမိတို့ကဏ္ဍအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း”ဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါအခမ်းအနားတွင် မှာကြားသွားကြောင်း သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**



**စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောက်ဆည်တက္ကသိုလ်မှ လုပ်အားပေး ဆရာ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လုပ်အားပေးသွားရောက်ရန် ပြင်ဆင်ကြစဉ်။**



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီ ရပ်ကွက် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို မတ် ၃၁ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်တာဝန်ရှိသူများ သန်းခေါင်စာရင်း ကောက်ယူနေမှုများကို ကြည့်ရှုအားပေးစဉ်။

တင်မောင်(မန္တလေး)

# ကယားပြည်နယ်တွင် လောင်းကစားမှုများ လျော့နည်းပပျောက်သွားကြောင်း သိရ

ကယားပြည်နယ်တွင် လောင်းကစားမှုများ လျော့နည်းပပျောက်ရေး အလေးထားဆောင်ရွက်မှုကြောင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ယူသည့် အစဦးပိုင်းကာလမှစတင်၍ ယနေ့တိုင်အောင် ကယားပြည်နယ်အတွင်း၌ လောင်းကစားမှုများ လျော့နည်းပပျောက်လာကြောင်း ဒေသခံများထံမှ စုံစမ်းသိရသည်။

ယခင်ကယားပြည်နယ်အတွင်း၌ လောင်းကစားနည်းမျိုးစုံကစားခဲ့ရာ ကယားပြည်နယ်နေ့ အပါအဝင် အခြားအထိမ်းအမှတ်ပွဲတော်များ၊ ဘုရားပွဲတော်များ၊ ရိုးရာဓလေ့ပွဲတော်များတွင် လောင်းကစားပွဲများ ထည့်သွင်းကျင်းပလေ့ရှိသဖြင့် ပွဲတော်များမှာ မူလရည်ရွယ်ချက်ပျောက်ပြီး လောင်းကစားပွဲများသဖွယ်ဖြစ်ပေါ်နေခဲ့ကြောင်း၊ ယင်းလောင်းကစားမှုများ၏ အကျိုးဆက်အဖြစ် ခိုးမှု၊ လိမ်လည်မှု၊ အလွဲသုံးစားမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် ဒေသခံများသည် နေ့စဉ်နှင့်အမျှ လောင်းကစားမှုများ၌သာ စိတ်ဝင်စားနေကြသဖြင့် မူလအလုပ်အကိုင်များလုပ်ကိုင်ရန် လစ်ဟင်းပျက်ကွက်မှုများဖြစ်ပေါ်ကာ ဆင်းရဲနွမ်းပါးမှု သံသရာအတွင်း ကျရောက်နေခဲ့ရကြောင်း ဒေသခံအချို့က သုံးသပ်ပြောကြားသည်။

အစိုးရသစ်လက်ထက်၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လောင်းကစားမှုများ ပပျောက်ရေးအတွက် ပညာပေးဟောပြောမှုများ ထိရောက်စွာအရေးယူမှုများဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ယခင်ကလို လောင်းကစားမှုများ ပေါ်ပေါ်ထင်ထင်လုပ်ကိုင်ကြခြင်းမရှိတော့ဘဲ လျော့နည်းပပျောက်သွားသော်လည်း အချို့နေရာဒေသများတွင် အကြွင်းအကျန်အဖြစ် တိတ်တိတ်ပုန်းလုပ်ကိုင်နေကြသေးသည်များရှိကြောင်း ကြားသိနေရသည်။ သို့ရာတွင် ကယားပြည်နယ်အတွင်း ယခင်က လောင်းကစားမှု များပြားသကဲ့သို့ ယခုအခါ အံ့သြဖွယ်ရာကောင်းလောက်အောင် လျော့နည်းပပျောက်သွားကြောင်း၊ ယင်းကဲ့သို့ လောင်းကစာမှုများ လျော့နည်းပပျောက်သွားသည်မှာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့၏ အလေးထားဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း သိရသည်။

"လောင်းကစားဥပဒေဆိုတာရှိပြီးသားပဲ။ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပြည်သူတွေက ဥပဒေကိုလေးစားလိုက်နာရင် လောင်းကစားမှုပပျောက်ဖို့က ခက်ခဲတဲ့ကိစ္စမဟုတ်ပါဘူး။ တကယ်လုပ်ရင် အဟုတ်ဖြစ်ပါတယ်။ တချို့ဒေသတွေမှာ လောင်းကစားမှုပပျောက်ဖို့ အခက်အခဲကြုံတွေ့ရတာတွေရှိတယ်လို့ ကြားတယ်။ တကယ်စေတနာမပါလို့ ဖြစ်မှာပါ။ လောင်းကစားမှုပပျောက်ဖို့ ကယားပြည်နယ်ကို စံနမူနာထားပြီး လုပ်သင့်ပါတယ်" ဟု တရားလွှတ်တော်ရှေ့နေတစ်ဦးက ပြောသည်။

ယခင်က လောင်းကစားမှုများ လွန်စွာပေါ်များခဲ့သော ကယားပြည်နယ်သည် ယခုအခါ လောင်းကစားမှုများ လျော့နည်းပပျောက်သွားပြီဖြစ်ရာ လောင်းကစားမှုများ လျော့နည်းပပျောက်ရေးအတွက် အလေးထားကာ ညင်ညင်သာသာဖြင့် ကိုင်တွယ်ဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများအား ဒေသခံများက ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပြည်ထောင်စုရှေ့နေချုပ်အား ဂျာမနီနိုင်ငံမှ တရားရေးဝန်ကြီးဟောင်းနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဂျာမနီနိုင်ငံမှ တရားရေးဝန်ကြီးဟောင်းဖြစ်သူ Ms. Sabine Leutheusser- Schnarrenberger နှင့်အဖွဲ့သည် မတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ လာရောက်တွေ့ဆုံရာ ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် United Nations Convention Against Corruption သို့ဝင်ရောက်ခဲ့မှု၊ ပြည်တွင်းဥပဒေပြဋ္ဌာန်းခဲ့မှု၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင် ဖွဲ့စည်းထားရှိမှု၊ ဥပဒေအသိပညာပေးမှုအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်မှုနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ လုပ်ငန်းတာဝန်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မင်းဘူးမြို့နယ်တွင် နွေရာသီစာတတ်မြောက်ရေးသင်တန်းဖွင့်

**မင်းဘူး မေ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် နွေရာသီစာတတ်မြောက်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၃၁ ရက် နံနက် ၈ နာရီက မင်းဘူးမြို့ အထက(၁)ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။ အဆိုပါ နွေရာသီစာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့သည် မကွေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၅၀ ပါဝင်ပြီး ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ မင်းဘူးမြို့နယ် ကျေးရွာများသို့ သွားရောက်၍ ၄၅ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် စာမတတ်သူ ပပျောက်ရေးမှ စာမဖတ်သူပပျောက်ရေးအထိ ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး**

# မန်စီမြို့မဈေး၌ သားသတ်လုပ်ငန်းများ စစ်ဆေး

**မန်စီ မေ ၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ မြို့မဈေး၌ မတ် ၃၁ ရက် နံနက် ၈ နာရီတွင် သားသတ်လုပ်ငန်းများ စစ်ဆေးခဲ့သည်။ အဆိုပါလုပ်ငန်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်ဖြိုးဝေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး ဦးဆောင်သော အဖွဲ့တို့က ဝက်ခုံ၊ အမဲခုံ၊ ကြက်ဥနှင့် ကြက်သားများကို စားသုံးသူပြည်သူများ၏ ကျန်းမာရေးနှင့်ညီညွတ်မှုရှိ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

AIR KBZ

ကျေးဇူးတင်လွှာ

AIR KBZ လေကြောင်းလိုင်း စတင် တည်ထောင်ပြေးဆွဲချိန်မှစ၍
ယခု(၃)နှစ်တာ ကာလအတွင်း အစဉ်လိုက်ပါအားပေးစီးနင်းခဲ့ကြသော ခရီးသွားမိဘပြည်သူများ၊
လက်မှတ်အရောင်းကိုယ်စားလှယ်ကြီးများ၊
သင်တန်းများပို့ချပေးခဲ့ပါသော သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊
ညီနောင်လေကြောင်းလိုင်းဖြစ်သော အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI) မှ
တာဝန်ရှိပုဂ္ဂိုလ်များနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို
လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

AIR KBZ LTD.

KBZ BANK AIR KBZ MAI MEMBERS OF KBZ GROUP

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# တမလန်း ၁၄၅တုံးနှင့် ယာဉ်သုံးစီး သိမ်းဆည်းရမိ

**ကသာ ဧပြီ ၁**

ထီးချိုင့် မြို့မရဲစခန်းမှူး ဒုရဲမှူး စောမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် ထွန်းလွင်လွင်နှင့်အဖွဲ့သည် တောအုပ် သိန်းဇော်၊ တောခေါင်း ဝင်းမြင့်တို့နှင့် အတူ မတ် ၃၀ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က တရားမဝင်သစ်များ ဖမ်းဆီးရန် ညနေ ၄ နာရီခွဲက အောင်ချမ်းသာ ၁ နှင့် ၂ ရွာများသို့ ရောက်ရှိလာခဲ့ပြီး ရွာနှင့် တစ်မိုင်ခန့်အကွာတွင် တမလန်း ခါးရွှေတုံး ၄၅ တုံး၊ သုံးတန်ခန့်နှင့် တမလန်းခါးရွှေတုံး ၁၅ တုံး တစ်တန်ခန့်တို့နှင့် ၎င်းနေရာ အနီး၌ တမလန်းခါးရွှေတုံး ၄၅ တုံး နှစ်တန်ခွဲခန့်တို့ကို လည်းကောင်း၊ တမလန်း ခါးရွှေတုံး အတုံး ၄၀ ၊ သုံးတန်ခန့်တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် သစ်တော ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက် ရှာဖွေရာ တမလန်းပုံများနှင့် နှစ်ဖာလုံခန့် အကွာတွင် တီအီးအမျိုးအစား ၁၀ ဘီးကား (နံပါတ်မပါ) (လိုင်စင်စိစစ်ဆဲ) အစိမ်းရောင်ကားတစ်စီး၊ တရုတ် လီဖန်အမျိုးအစား ခြောက်ဘီး (နံပါတ်မပါ)(လိုင်စင်စိစစ်ဆဲ)အပြာရောင်ကားတစ်စီး၊ တရုတ်တုန်ဖုန်းကား ခြောက်ဘီး (နံပါတ်မပါ) (လိုင်စင်စိစစ်ဆဲ) အပြာရောင်ကား သုံးစီးတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



ကျိုင်းတုံမြို့ ပန်ကွဲတောင်ကုန်းအဆင်းတွင် မတ် ၃၁ ရက်က ကျိုင်းတုံမှ တာချီလိတ်သို့ မောင်းနှင်လာသော ပရိုဘောက်စ်ယာဉ်တစ်စီး အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားစဉ်။ (နိုင်နိုင်အောင်ဝေ)

# ဘားအံမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ဘားအံ ဧပြီ ၁**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄) ရပ်ကွက် ကမ်းနားလမ်း(ဖားမဲတောင်) စက်သုံးဆီ အရောင်းဆိုင်အနီးတွင် မတ် ၂၈ ရက်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဘားအံမြို့ ကမ်းနားလမ်း သံလွင်တံတားဘက်မှ မြို့တွင်းသို့ ယာဉ်မောင်း ဖိုးဝလုံး (စုံစမ်းဆဲ) မောင်းနှင်လာသည့် ယာဉ်အမှတ် 9A / --- ဟိုင်းလပ် အမျိုးအစား အဖြူရောင် (လိုင်စင်ရှိ) ပြည့်အားမာန် (ရန်ကုန်-ဘားအံ) ခရီးသည်တင်ယာဉ်ကို အရှိန်ပြင်းစွာ မောင်းနှင်လာရာ ဖားမဲတောင် စက်သုံးဆီဆိုင်ရှေ့ လမ်းကွေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ဝင်းကိုကိုထွေး (၃၀နှစ်) ဗန္ဓုလလမ်း(၃) ရပ်ကွက် မြဝတီမြို့၊ ညီညီလွင် (ယာဉ်နောက်လိုက်) (၂၆နှစ်) သရက်ကုန်းကျေးရွာ ပဲခူးမြို့နယ်၊ ရဲဝေနိုင်(၂၈နှစ်) ယာဉ်နောက်လိုက် ပြည်တော်အေးရွာ ပဲခူးမြို့နယ်၊ ဒေါ်လှမြင့် (၅၀နှစ်) ဓမ္မပါလ ရပ်ကွက် မြိုင်ကလေး ဘားအံမြို့နယ်၊ ဒေါ်တင်တင်မိုး (၄၇နှစ်) မြို့မရဲစခန်းဝင်း ဘားအံမြို့၊ ဒေါ်ခင်ထွေး (၅၅နှစ်) သိမ်ဇရပ်ကျေးရွာ ကျိုက်ထိုမြို့နယ်နေသူတို့နှင့် အမည်၊ နေရပ်လိပ်စာ (စုံစမ်းဆဲ) အသက် (၅၀)နှစ်ခန့် အမျိုးသားတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရာ ဆေးရုံအရောက်တွင် အမည်မသိ၊ နေရပ်လိပ်စာစုံစမ်းဆဲ အမျိုးသားမှာ ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

အမှုနှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိမ်းမှောက်ကာ ခရီးသည်များအား ဒဏ်ရာရ၊ သေဆုံးမှုဖြစ်ပွား၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့သော ယာဉ်မောင်း ဖိုးဝလုံး(နေရပ်လိပ်စာစုံစမ်းဆဲ)အား ဘားအံမြို့မရဲစခန်းက အမှုဖွင့်ထားပြီး ယာဉ်မောင်းကို ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ခရိုင်ရဲတပ်ဖွဲ့၏ လုံခြုံရေးကင်းတဲကို အရှိန်မထိန်းနိုင်သည့်ယာဉ် ဝင်တိုက်မိ

**သန်လျင် ဧပြီ ၁**

သန်လျင်မြို့နယ်အတွင်း မတ် ၃၀ ရက် ညပိုင်းက အရှိန်မထိန်းနိုင်သည့် မော်တော်ယာဉ်က ခရိုင်ရဲတပ်ဖွဲ့ လုံခြုံရေးကင်းတဲကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့်ယာဉ်ပေါ်ပါသူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မတ် ၃၀ ရက် ည ၁၁ နာရီ ၅၅ မိနစ်က သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းအတိုင်း သန်လျင်နာရီစင်ဘက်မှ ကျိုက်ခေါက်ဘုရားဘက်သို့ ယာဉ်မောင်း နေဝင်းအောင်(၃၃ နှစ်) အုတ်ဖိုစုရပ်ကွက် သန်လျင်မြို့နယ်နေသူ မောင်းနှင်သည့် ၁စ/--- အေဒီဗင် အဖြူရောင် ကိုယ်ပိုင်ယာဉ်သည် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ရုံးရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးဝင်း လုံခြုံရေးကင်းတဲကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ထိုသို့တိုက်မိမှုကြောင့် ကင်းတဲအတွင်း၌ လုံခြုံရေးတာဝန်ဆောင်ရွက်နေသော ရဲတပ်သား ဇော်ဇော်တွင် ဒဏ်ရာများရရှိပြီး သန်လျင်ဆေးရုံတွင် အတွင်းလူနာ(စိုးရိမ်ရ)အဖြစ်လည်းကောင်း၊ ယာဉ်၏နောက်ခန်းတွင် စီးနင်းလိုက်ပါလာသူ ဦးစိုးမိုးတွင် ယာလက်ကောက်ဝတ်ကျိုးဒဏ်ရာရရှိသဖြင့် သန်လျင်ဆေးရုံတွင် အတွင်းလူနာ (မစိုးရိမ်ရ) အဖြစ် လည်းကောင်း တက်ရောက်ကုသမှု ခံယူခဲ့ရသည်။ ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းသူ ယာဉ်မောင်း နေဝင်းအောင်အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(စိုးဝင်း-SP)**

# ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် လူတစ်ဦးသေဆုံး

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၆၀) ရပ်ကွက် ရတနာလမ်းမပေါ်၌ မတ် ၃၁ ရက် နံနက် ၁ နာရီက MTI ဓာတ်ဆီဆိုင်ရှေ့အရောက် တောင်မှမြောက်သို့ ယာဉ်မောင်း ဖြိုးသီဟ (၃၁နှစ်) ယာဉ်အမျိုးအစား KIA(အပြာရောင်) ယာဉ်အမှတ် ၉င/--- ယာဉ်သည် အရှိန်ဖြင့် မောင်းနှင်လာစဉ် MTI ဓာတ်ဆီဆိုင်ရှေ့လမ်းတွင် ရပ်နေသူ နှစ်ဦးရှိသည့်အနက် စိုင်းမြတ်သူ(၂၂နှစ်) သည် လမ်းမပေါ် ဓာတ်ဆီဆိုင်ဘယ်ဘက်သို့ဖြတ်သွားစဉ် အရှိန်ဖြင့် ဝင်ရောက်တိုက်မိခဲ့ရာ စိုင်းမြတ်သူတွင် ဒဏ်ရာများရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဖြိုးသီဟ( ၃၁နှစ်) ကို မြို့မရဲစခန်းတပ်ဖွဲ့မှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၈၁)**



ကြော်ငြာ

Junction SQUARE

Junction CENTRE

Shwe Taung Property Management Co.,Ltd.

"ဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

United Registrar of System (UK) မှ ပေးအပ်သော နိုင်ငံတကာစံချိန်စံညွှန်းလက်မှတ် ISO 9001:2008 Certificate အား Junction Square, Junction Centre များနှင့် Management ပြုလုပ်ဆောင်ရွက်ပေးနေသည့် Shwe Taung Property Management Co.,Ltd.တို့မှ ထိုက်ထိုက်တန်တန် ရရှိခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

Board of Directors

SHWE TAUNG GROUP OF COMPANIES

# မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။ )**
**၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင်ပုဒ်မ ၉ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၃ ၏ နောက်တွင် ပုဒ်မ ၃-က အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"Sec.3-A. (1) Stamp duties charged by Articles 23, 33 and 40 (a) respectively of Schedule I annexed to this Act shall, in the case of instruments affecting immovable property situated wheresoever in the whole of the Republic of the Union of Myanmar, other than the Naypyitaw Development territory, the City of Yangon Development territory and the City of Mandalay Development territory, be increased by an additional stamp duty of 2 per centum for a consideration equal to the market value of the property so situated.

(2) The Ministry of Finance of the Union Government shall in accord with law deposit the increased stamp duties to the union fund. The Ministry of finace of the Union Government shall there after pay the increased stamp duties to the Township Development Funds in a prescribed manner in accordance with law."

၄။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"Sec.20. (1) Where an instrument is chargeable with ad valorem duty in respect of any money expressed in any currency other than that of the Republic of the Union of Myanmar, such duty shall be calculated on the value of such money in the currency of the Republic of the Union of Myanmar according to the current rate of exchange on the day of the date of the instrument.

(2) The Current rate of exchange mentioned in the foregoing sub-section shall be the Daily Reference Rate announced by the Central Bank of Myanmar at the day of the date of the instrument."

၅။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေဇယား -၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

SCHEDULE I
Stamp-duty on Instruments
(See Section 3)

| **Description of instrument** | **Proper Stamp-duty** |
|---|---|
| 1. **ACKNOWLEDGMENT** of a debt exceeding kyat 2,000 in amount or value, written or signed by, or on behalf of, a debtor in order to supply evidence of such debt in any book (other than a banker's pass-book) or on a separate piece of paper when such book or paper is left in the creditor's possession; provided that such acknowledgment does not contain any promise to pay the debt or any stipulation to pay interest or to deliver any goods or other property. | - Kyat 50. |
| 2. **ADMINISTRATION BOND**, given under the section 291, section 375 or section 376 of the Succession Act:- | |
| (a) where the amount does not exceed kyat 100,000; | The same duty as a BOND (No.15) for such amount. |
| (b) in any other case. | - Kyat 2,000. |
| 3. **ADOPTION-DEED**, that is to say, any instrument (other than a will) recording an adoption or conferring or purporting to confer an authority to adopt. | - Kyat 150. |
| **ADVOCATE**. *See* **ENTRY AS AN ADVOCATE** (No.30) | |
| 4. **AFFIDAVIT**, including an affirmation or declaration in the case of persons by law allowed to affirm or declare instead of swearing. | - Kyat 150. |

| **Description of instrument** | **Proper Stamp-duty** |
|---|---|
| **Exemptions.** | |
| Affidavit or declaration in writing when made – | |
| (a) as a condition of enrolment under the Defence Services Act, 1959; | |
| (b) for the immediate purpose of being filed or used in any Court or before the officer of any Court; or | |
| (c) for the sole purpose of enabling any person to receive any pension or charitable allowance. | |
| 5. **AGREEMENT OR MEMORANDUM OF AGREEMENT –** | |
| (a) if relating to the sale of a bill of exchange; | - Kyat 50. |
| (b) if relating to the sale of a Government security or share in an incorporated company or other body corporate; | -Subject to a maximum of kyat 10,000 kyat 25 for every kyat 100,000 or part thereof of the value of the security or share. |
| (c) if relating to joint venture agreement, production or profit sharing contract, construction agreement or other similar agreement or contract; | -One per centum on the amount or value of the subject-matters. Provided that the maximum duty shall be Kyat 150,000. |
| (d) if not otherwise provided for ... ... | - Kyat 300 |
| **Exemptions.** | |
| Agreement or memorandum of agreement:- | |
| (a) for or relating to the sale of goods or merchandise exclusively, not being a NOTE OR MEMORANDUM chargeable under No. 43; | |
| (b) made in the form of tenders to the Republic of the Union of Myanmar for or relating to any loan; | |
| (c) made under the Land Acquisition Act. AGREEMENT TO LEASE See LEASE. (NO. 35) | |
| 6. **AGREEMENT RELATING TO DEPOSIT OF TITLE-DEEDS, PAWN OR PLEDGE**, that is to say, any instrument evidencing an agreement relating to – | |
| (1) the deposit of title-deeds or instruments constituting or being evidence of the title to any property whatever (other than a marketable security), or | |
| (2) the pawn or pledge of moveable property. | |
| Where such deposit, pawn or pledge, has been made by way of security for the repayment of money advanced or to be advanced by way of loan or an existing or future debt - | |
| (a) if such loan or debt is repayable on demand or more than three months from the date of the instrument evidencing the agreement; | The same duty as a Bill of Exchange [No. 13(a)] for the amount secured. |
| (b) if such loan or debt is repayable not more than three months from the date of such instrument. | - Half the duty payable on a Bill of Exchange [No.13(a)] for the amount secured. |
| **Exemption.** | |
| Instrument of pawn or pledge of goods if unattested. | |
| 7. **APPOINTMENT IN EXECUTION OF A POWER**, where made by any writing not being a will - | |
| (a) of trustees ... ... | - Kyat 1,500. |
| (b) of property, moveable or immovable ... | - Kyat 3,000. |

| **Description of instrument** | **Proper Stamp-duty** |
|---|---|
| 8. **APPRAISEMENT OR VALUATION** made otherwise than under an order of the Court in the course of a suit – | |
| (a) where the amount does not exceed kyat 100,000; | The same duty as a Bond (No.15) for such amount. |
| (b) in any other case ... | - Kyat 2,000. |
| **Exemptions.** | |
| (a) Appraisement or valuation made for the information of one party only, and not being in any manner obligatory between parties either by agreement or operation of law. | |
| (b) Appraisement of crops for the purpose of ascertaining the amount to be given to a landlord as rent. | |
| 9. **APPRENTICESHIP-DEED** - including every writing relating to the service or tuition of any apprentice, clerk or trainee, placed with any master to learn any profession, trade or employment, not being **ARTICLES OF CLERKSHIP** (No.11). | - Kyat 150. |
| **Exemption.** | |
| Instruments of apprenticeship executed by which a person is apprenticed by or at the charge of any public charity. | |
| 10. **ARTICLES OF ASSOCIATION OF A COMPANY –** | |
| (a) Where the company has no share capital or the nominal share capital does not exceed kyat 100,000,000. | - Kyat 50,000. |
| (b) where the nominal share capital exceeds kyat 100,000,000. | - Kyat 150,000. |
| **Exemption.** | |
| Articles of any association not formed for profit and registered under section 26 of the Myanmar Companies Act. See also **MEMORANDUM OF ASSOCIATION OF A COMPANY** (No.39). | |
| 11. - **ARTICLES OF CLERKSHIP** or contract whereby any person first becomes bound to serve as a clerk in order to his admission as an advocate of the Supreme Court. | - Kyat 1,500. |
| - **ASSIGNMENT**, *See* **CONVEYANCE** (No. 23), **TRANSFER** (No.62), and **TRANSFER OF LEASE** (No.63), as the case may be. | |
| - **ATTORNEY**. *See* **POWER OF ATTORNEY** (No.48). | |
| - **AUTHORITY TO ADOPT**. See **ADOPTION - DEED (NO.3).** | |
| 12. **AWARD**, that is to say, any decision in writing by an arbitrator or umpire, not being an award directing a partition, on a reference made otherwise than by an order of the Court in the course of a suit - | |
| (a) where the amount or value of the property to which the award relates as set forth in such award does not exceed kyat 100,000; | Two kyat for every kyat 100 or part thereof of the amount or value of the award. Provided that the maximum proper stamp - duty shall be kyat 500. |
| (b) Where it exceeds kyat 100,000 and does not exceed kyat 500,000; | - kyat 1,500. |
| (c) Where it exceeds kyat 500,000 and does not exceed kyat 1,000,000; | - kyat 2,500. |
| (d) Where it exceeds kyat 1,000,000. | kyat 250 for every additional kyat 100,000 or part thereof in excess of kyat 1,000,000 in addition to the proper stamp-duty under No. 12(c). |

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

| Description of instrument | Proper Stamp-duty | | |
|---|---|---|---|
| **13. BILL OF EXCHANGE** as defined by section 2(2) not being a **BOND**, banknote or currency note-<br>(a) where payable otherwise than on demand but not more than one year after date or sight – | If drawn Singly | if drawn in set of two, for each part of the set | if drawn in set of three, for each part of the set |
| if the amount of the bill or note does not exceed Kyat 5,000,000 | 450 | 300 | 150 |
| if it exceeds Kyat 5,000,000 and does not exceed Kyat 7,000,000 | 650 | 400 | 200 |
| if it exceeds Kyat 7,000,000 and does not exceed Kyat 9,000,000 | 800 | 550 | 300 |
| if it exceeds Kyat 9,000,000 and does not exceed Kyat 13,000,000 | 1200 | 800 | 400 |
| if it exceeds Kyat 13,000,000 and does not exceed Kyat 17,000,000 | 1500 | 1000 | 500 |
| if it exceeds Kyat 17,000,000 and does not exceed Kyat 21,000,000 | 1900 | 1250 | 650 |
| if it exceeds Kyat 21,000,000 and does not exceed Kyat 25,000,000 | 2250 | 1500 | 750 |
| if it exceeds Kyat 25,000,000 and does not exceed Kyat 30,000,000 | 2700 | 1800 | 900 |
| if it exceeds Kyat 30,000,000 and does not exceed Kyat 50,000,000 | 4500 | 3000 | 1500 |
| if it exceeds Kyat 50,000,000 and does not exceed Kyat 75,000,000 | 6750 | 4500 | 2250 |
| if it exceeds Kyat 75,000,000 and does not exceed Kyat 100,000,000 and for every additional Kyat 10,000,000 or part thereof and excess of Kyat 100,000,000; | 9000<br>650 | 6000<br>400 | 3000<br>200 |
| (b) where payable otherwise than on demand but at more than one year after date or sight. | The same duty as a Bond (No.15) for the same amount. | | |
| **14. BILL OF LADING** (including a through bill of lading). | - Kyat 150.<br>N.B.- If a bill of lading is drawn in parts, the proper stamp therefor must be borne by each one of the set. | | |
| **Exemptions.**<br>(a) Bill of lading when the goods therein described are received at a place within the limits of any port as defined under the Ports Act, and are to be delivered at another place within the limits of the same port.<br>(b) Bill of lading when executed out of the Republic of the Union of Myanmar and relating to property to be delivered in the Republic of the Union of Myanmar. | | | |
| **15. BOND** [as defined by section 2(5)] not being a **DEBENTURE** (No.27), and not being otherwise provided for by this Act or by the Court Fees Act -<br>*See* **ADMINISTRATION-BOND**(No.2), **BOTTOMRY BOND** (No.16), **CUSTOMS BOND** (No.26), **INDEMNITY - BOND** (No.34), **RESPONDENTIA BOND** (No.56), **SECURITY BOND (No.57).**<br>**Exemption.**<br>Bond, when executed by -<br>Any person for the purpose of guaranteeing that the local income derived from private subscriptions to a charitable dispensary or hospital or any other object of public | one and a half per centum on the amount or value. | | |

| Description of instrument | Proper Stamp-duty |
|---|---|
| utility shall not be less than a specified sum per mensem. | |
| **16. BOTTOMRY BOND**, that is to say, any instrument whereby the master of a sea - going ship borrows money on the security of the ship to enable him to preserve the ship or prosecute her voyage. | The same duty as a Bond (No.15) for the same amount. |
| **17. CANCELLATION** - Instrument of (including any instrument by which any instrument previously executed is cancelled), if attested and not otherwise provided for.<br>*See* also **RELEASE** (No.55), **REVOCATION OF SETTLEMENT** (No. 58-B), **SURRENDER OF LEASE** (No. 61), **REVOCATION OF TRUST** (No.64-B). | - Kyat 150. |
| 18. **CERTIFICATE OF SALE** (In respect of each property put up as a separate lot and sold) granted to the purchaser of any property sold by public auction by any Civil court, Revenue Authority, Collector or other Revenue Officer - | |
| (a) Where the purchase -money does not exceed kyat 500,000; | One per centum on the amount of purchase-money. |
| (b) in any other case … … | The same duty as a CONVEYA CE. (No. 23) for a consideration equal to the amount of the purchase-money only. |
| **19. CERTIFICATE OR OTHER DOCUMENT,** evidencing the right or title of the holder thereof, or any other person, either to any shares, scrip or stock in or of any incorporated company or other body corporate, or to become proprietor of shares, scrip or stock in or of any such company or body.<br>*See* also **LETTER OF ALLOTMENT OF SHARES** (No. 36). | - Kyat 50 |
| **20.CHARTER-PARTY,** that is to say, any instrument (except an agreement for the hire of a tug steamer) whereby a vessel or some specified principal part thereof is let for the specified purposes of the charterer, whether it includes a penalty clause or not : | |
| (a) less than horse power 20; | - Kyat 3,000. |
| (b) not less than horse power 20 but not more than horse power 50; | - Kyat 7,500. |
| (c) more than horse power 50. | - Kyat 15,000. |
| **21. CHEQUE** [ as defined by section 2(7)] | - Kyat 5. |
| **22. COMPOSITION-DEED**, that is to say, any instrument executed by a debtor whereby he conveys his property for the benefit of his creditors, or whereby payment of a composition or dividend on their debts is secured to the creditors, or whereby provision is made for the continuance of the debtor's business, under the supervision of inspectors or under letter of license for the benefit of his creditors. | - Kyat 1,500. |
| **23. CONVEYANCE,** [as defined by section 2(10)] not being a **TRANSFER** charged or exempted under No. 62 –<br>**Exemption.**<br>Assignment of copyright made under the Myanmar Copyright Act. | Three per centum on the amount or value. |
| **CO- PARTNERSHIP-DEED.** *See* **PARTNERSHIP** (No.46). | |
| **24. COPY OR EXTRACT** certified to be a true copy or extract by or by order of any public officer and not chargeable under the law for the time being in force relating to court- fees - | |
| (i) if the original was not chargeable with duty or if the duty with which it was chargeable does not exceed kyat 100; | - Kyat 150. |

| Description of instrument | Proper Stamp-duty |
|---|---|
| (ii) in any other case… … | - Kyat 250. |
| **Exemptions.**<br>(a) Copy of any paper which a public officer is expressly required by law to make or furnish for record in any public office or for any public purposes.<br>(b) Copy of or extract from any register relating to births, baptisms, namings, dedications, marriages, divorces, deaths or burials. | |
| **25.COUNTERPART OR DUPLICATE** of any instrument chargeable with duty and in respect of which the proper duty has been paid – | |
| (a) if the duty with which the original instrument is chargeable does not exceed kyat 100; | The same duty as is payable on the original. |
| (b) in any other case… … | - kyat 100. |
| **Exemption.**<br>Counterpart of any lease granted to a cultivator when such lease is exempted from duty. | |
| **26. CUSTOMS BOND:-** | |
| (a) where the amount does not exceed kyat 1,000,000 ; | The same duty as a **Bond** (No.15) for such amount. |
| (b) in any other case… … | - Kyat 20 for every kyat 10,000 or part thereof for value exceeding kyat 1,000,000. |
| **27. DEBENTURE** (whether a mortgage debenture or not ) being a marketable security transferable – | |
| (a) by endorsement or by a separate instrument of transfer ; | The same duty as **a Bond** (No.15)for the same amount. |
| (b) by delivery… … | The same duty as a CONVEYANCE (No. 23) for a consideration equal to face amount of the debenture. |
| **Explanation** -The term " Debenture" includes any interest coupons attached thereto, but the amount of such coupons shall not be included in estimating the duty.<br>**Exemption**<br>A debenture issued by an incorporated company or other body corporate in terms of a registered mortgage-deed, duly stamped in respect of the full-amount of debenture to be issued thereunder, whereby the company or body borrowing makes over, in whole or in part, their property to trustees for the benefit of the debenture- holders: Provided that the debentures so issued are expressed to be issued in terms of the said mortgage - deed.<br>*See* also **BOND** (No.15), and sections 8 and 55. | |
| **DECLARATION OF ANY TRUST.** *See* **TRUST** (No. 64). | |
| **28. DELIVERY-ORDER IN RESPECT OF GOODS**, that is to say, any instrument entitling any person therein named, or his assigns or the holder thereof, to the delivery of any goods lying in any dock or port, or in any warehouse in which goods are stored or deposited on rent or hire, or upon any wharf, such instrument being signed by or on behalf of the owner of such goods upon the sale or transfer of the property therein, when such goods exceed in value kyat 2,000. | - Kyat 50. |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| Description of instrument | Proper Stamp-duty |
|---|---|
| **DEPOSIT OF TITLE - DEEDS,** *See* **AGREEMENT** relating to **DEPOSIT OF TITLE - DEEDS, PAWN OR PLEDGE** (No.6).<br>**DISSOLUTION OF PARTNERSHIP.** See **PARTNERSHIP** (No.46). | |
| **29. DIVORCE -** Instrument of, that is to say, any instrument by which any person effects the dissolution of his or her marriage. | - Kyat 250. |
| **DOWER-** Instrument of *See* **SETTLEMENT** (No.58).<br>**DUPLICATE -** *See* **COUNTERPART** (No.25). | |
| **30. ENTRY AS AN ADVOCATE ON THE ROLL OF THE SUPREME COURT.** | - Kyat 30,000. |
| **31.EXCHANGE OF PROPERTY-** Instrument of - **EXTRACT.** - *See* Copy (No.24). | The same duty as a CONVEYANCE(No. 23) for a consideration equal to the value of the property of greatest value as set forth in such instrument. |
| 32. **FURTHER CHARGE** - Instrument of, that is to say, any instrument imposing a further charge on mortgaged property - | |
| (a) when the original mortgage is one of the description referred to in clause (a) of Article No.40 (that is, with possession) ; | The same duty as a CONVEYANCE (No. 23) for a consideration equal to the amount of the further charge secured by such instrument. |
| (b) when such mortgage is one of the description referred to in clause(b)of Article No. 40 (that is, without possession) – | |
| (i) if at the time of execution of the instrument of further charge possession of the property is given or agreed to be given under such instrument; | The same duty as a CONVEYANCE (No. 23) for a consideration equal to the total amount of the charge ( including the original mortgage and any further charge already made) less the duty already paid on such original mortgage and further charge. |
| (ii) if possession is not given … … | The same duty as a Bond (No. 15) for the whole amount payable or deliverable under such instrument. |
| **33. GIFT** - Instrument of, not being a **SETTLEMENT** (No.58) **OR WILL OR TRANSFER** (No.62). | The same duty as a CONVEYANCE (No.23) for a consideration equal to the value of the property as set forth in such instrument. |
| **HIRING AGREEMENT** or **agreement for service**- *See* **AGREEMENT** (No.5). | |
| **34.INDEMNITY BOND** … … | The same duty as a SECURITY BOND (No.57) for the same amount. |
| **INSPECTORSHIP-DEED**. *See* **COMPOSITION – DEED** (No.22). **INSURANCE** - *See* **POLICY OF INSURANCE** (No.47)<br>**35.LEASE**, including an under-lease or sub-lease and any agreement to let or sub-let –<br>(a) where by such lease the rent is fixed and no premium is paid or delivered – | |
| (i) where the lease purports to be for a term of less than one year; | The same duty as a **BOND** (No. 15) for the whole amount payable or deliverable under such lease. |
| (ii) where the lease purports to be for a term of not less than one year but not | The same duty as a **BOND** (No.15) for the amount or value of the |

| Description of instrument | Proper Stamp-duty |
|---|---|
| more than three years; | average annual rent reserved. |
| (iii) where the lease purports to be for a term in excess of three years; | The same duty as a CONVEYANCE (No. 23) for a consideration equal to the amount or value of the average annual rent reserved. |
| (iv) where the lease does not purport to be for any definite term ; | The same duty as a CONVEYANCE (No.23) for a consideration equal to the amount or value of the average annual rent which would be paid or delivered for the first ten years if the lease continued so long. |
| (v) where the lease purports to be in perpetuity; | The same duty as a CONVEYANCE (No.23) for a consideration equal to one-fifth of the whole amount of the rents which would be paid or delivered in respect of the first fifty years of the lease. |
| (b) where the lease is granted for a fine or premium or for money advanced and where no rent is reserved ; | The same duty as a CONVEYANCE (No.23) for a consideration equal to the amount or value of such fine or premium or advance as set forth in the lease. |
| (c) where the lease is granted for a fine or premium or for money advanced in addition to rent reserved ; | The same duty as a CONVEYANCE(No.23) for a consideration equal to the amount or value of such fine or premium or advance as set forth in the lease, in addition to the duty which would have been payable on such lease if no fine or premium or advance had been paid or delivered: Provided that, in any case when an agreement to lease is stamped with the ad valorem stamp required for a lease, and a lease in pursuance of such agreement is subsequently executed, the duty on such lease shall not exceed kyat 600. |
| **Exemptions.**<br>(a) Lease executed in the case of a cultivator and for the purposes of cultivation (including a lease of trees for the production of food or drink), without the payment or delivery of any fine or premium, when a definite term is expressed and such term does not exceed one year, or when the average annual rent reserved does not exceed kyat 10,000.<br>(b) Leases of Fisheries granted under the existing Laws. | |
| **36. LETTER OF ALLOTMENT OF SHARES** in any company or proposed company or in respect of any loan to be raised by any company or proposed company.<br>*See* also **CERTIFICATE OR OTHER DOCUMENT** (No.19). | - Kyat 600. |
| **37.LETTER OF CREDIT**, that is to say, any instrument by which one person authorises another to give credit to the person in whose favour it is drawn.<br>**LETTER OF GUARANTEE**- *See* **AGREEMENT**(No.5). | - Kyat 200. |

| Description of instrument | Proper Stamp-duty |
|---|---|
| **38. LETTER OF LICENCE**, that is to say, any agreement between a debtor and his creditors that the latter shall, for a specified time, suspend their claims and allow the debtor to carry on business at his own discretion. | - kyat 1,000. |
| **39. MEMORANDUM OF ASSOCIATION OF A COMPANY** – | |
| (a) if accompanied by articles of association under section 17 of the Myanmar Companies Act: | - kyat 15,000. |
| (b) if not so accompanied … | - kyat 150,000. |
| **Exemption.**<br>Memorandum of any association not formed for profit and registered under section 26 of the Myanmar Companies Act.<br>**40. MORTGAGE - DEED** not being an **AGREEMENT RELATING TO DEPOSIT OF TITLE-DEEDS, PAWN OR PLEDGE (No.6) , BOTTOMRY BOND (No.16), MORTGAGE OF A CROP (No.41), RESPONDENTIA BOND (No.56), OR SECURITY BOND (No.57)**- | |
| (a) when possession of the property or any part of the property comprised in such deed is given by the mortgagor or agreed to be given; | The same duty as a CONVEYANCE(No.23) for a consideration equal to the amount secured by such deed. |
| (b) when possession is not given or agreed to be given as aforesaid; | The same duty as a BOND (No.15) for the amount secured by such deed. |
| **Explanation** - A mortgagor who gives to the mortgagee a power-of-attorney to collect rents or a lease of the property mortgaged or part thereof, is deemed to give possession within the meaning of this Article;<br>(c) when a collateral or auxiliary or additional or substituted security, or by way of further assurance for the abovementioned purpose, where the principal or primary security is duly stamped – | |
| - for every sum secured not exceeding kyat 1,000,000; and | - Kyat 50. |
| - for every kyat 100,000 or part thereof secured in excess of kyat 1,000,000. | - Kyat 50. |
| **Exemptions.**<br>(1) Instruments executed by persons taking advances under the existing relevant Laws, or by their sureties as security for the repayment of such advances.<br>(2) Letter of hypothecation accompanying a bill of exchange.<br>**41.MORTGAGE OF A CROP** including any instrument evidencing an agreement to secure the repayment of a loan made upon any mortgage of a crop, whether the crop is or not in existence at the time of the mortgage -<br>(a) when the loan is repayable not more than three months from the date of the instrument – | |
| - for every sum secured not exceeding kyat 200,000; and | - Kyat 50 |
| - for every kyat 200,000 or part thereof secured in excess of kyat 200,000; | - Kyat 50 |
| (b) when the loan is repayable more than three months, but not more than eighteen months from the date of the instrument –<br>- for every sum secured not | |

ဆက်လက်ဖော်ပြပါမည်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပြင်ဦးလွင်၌ သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည်ပေးအပ်

**ပြင်ဦးလွင် မေ ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်တွင် တောင်သူများထံမှ သိမ်းယူထားသော မြေယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မြေယာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး မြေယာပြန်လည် လွှဲပြောင်းလက်ခံရရှိသည့် တောင်သူ ၁၁ ဦးအား မြေယာလွှဲပြောင်းလုပ်ပိုင်ခွင့် လက်မှတ်များကို ပေးအပ်သည်။



ပြင်ဦးလွင်မြို့နယ်အတွင်း တောင်သူများထံသို့ သိမ်းဆည်းထားသည့် လယ်ယာမြေများအား ပြန်လည်လွှဲပြောင်းပေးစဉ်။

ယနေ့ပြန်လည်လွှဲပြောင်း ပေးအပ်သည့် မြေယာများမှာ ပြင်ဦးလွင်မြို့နယ် သက္ကံချိုင်းကျေးရွာအုပ်စု သက္ကံချိုင်းကျေးရွာ ကွင်းအမှတ် (၆၈၉) ရှိ မြေဧက ၅၀ ကျော်အား မြေယာလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုဒ် (၃) အရ တောင်သူတစ်ဦးချင်းအလိုက် လုပ်ပိုင်ခွင့် လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်းနှင့် မြေယာပိုင်ရှင် ဒေါ်ပု (၆၀နှစ်)က "မြေသိမ်းခံရတာ ခြောက်နှစ်ရှိပါပြီ။ တရားရုံးမှာ တရားစွဲခံရပြီး တစ်လကို လေးကြိမ် သောကြာနေ့တိုင်း တရားရုံးကိုသွားရပါတယ်။ အသက် ၆၀အထိ ဘယ်ရုံး၊ ဘယ်ဌာနမှ မရောက်ဖူးပါဘူး၊ မြေကိစ္စနဲ့ ပတ်သက်လို့သာရောက်ရတာပါ။ အခုလို ဆောင်ရွက်ပေးတဲ့ သူတွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။ (၄၃၂)

## နိုင်ငံတော် ဘတ်ဂျက်သုံးစွဲမှုအား လေ့လာမည့်ဖိုရမ် ကျင်းပမည်

**ရန်ကုန် မေ ၁**

ရန်ကုန်စီးပွားရေးတက္ကသိုလ် မေခဆောင်တွင်နေထိုင်ခဲ့သော ဆရာများနှင့် ကျောင်းသားဟောင်းများ ဖွဲ့စည်းထားသော မေခဆောင်ဖောင်ဒေးရှင်းမှ စီစဉ်သည့် နိုင်ငံတော် ဘတ်ဂျက်ကို တစေ့တစောင်း လေ့လာသုံးသပ်ခြင်း (A Glance at Public Sector Budget)ဖိုရမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖိုရမ်ကို ဦးဆောင်ဆွေးနွေးမည့် ပုဂ္ဂိုလ်များအနေဖြင့် ဦးမြင့်သောင်း CEO, Emergent Service Co, Ltd၊ ဒေါက်တာ မောင်မောင်စိုး (ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ အမှုဆောင်ဒါရိုက်တာ၊ AGD Bank ဦးမျိုးမြင့်၊ (ဒုညွှန်မှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးဟန်ထွန်း (ဒုညွှန်ချုပ်(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန)တို့ ဝင်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဖိုရမ်ကို အမှတ် ၂၉ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်၌ မေ ၆ ရက် မွန်းလွဲ ၁ နာရီခွဲမှ ၄ နာရီခွဲအထိ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

## ဖိုင်ဘာဆက်ကြောင်းလုပ်ငန်းများ ရေတာရှည်မြို့နယ်တွင်တိုးချဲ့

**ရေတာရှည် မေ ၁**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ မြေအောက်ဖိုင်ဘာချခင်းခြင်း လုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စက်ယန္တရားများဖြင့် ရန်ကုန်- မန္တလေးကားလမ်းတစ်လျှောက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ဖိုင်ဘာဆက်ကြောင်း ချခင်းခြင်းလုပ်ငန်းအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကုမ္ပဏီနှစ်ခုကို လုပ်ကိုင်ခွင့်ပေးခဲ့ပြီး ASIA MEGA LINKကုမ္ပဏီကို မူဆယ်-မန္တလေးအတွက် လည်းကောင်း၊ မန္တလေး- နေပြည်တော်-ရန်ကုန်-ပုသိမ်-ငွေဆောင်ဖိုင်ဘာ ဆက်ကြောင်းလိုင်းအား MFOCN (Myanmar Fiber Optic Communication Network) ကုမ္ပဏီတို့မှတာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းများကို မေလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်သူလူထုအတွင်း ဖုန်းသုံးစွဲမှုပိုမိုများပြားလာသည်နှင့်အမျှ ဖုန်းသုံးစွဲရာတွင်လည်းကောင်း၊ အင်တာနက်သုံးစွဲရာတွင်လည်းကောင်း ယခုလက်ရှိထက်ကောင်းမွန်ရန် လိုအပ်ကြောင်း ဝေဖန်မှုများလည်းရှိသည်။

"အခုဒီလထဲမှာကို ဖုန်းတွေလိုင်းတွေ တစ်အားကျပ်တာ ခေါ်လို့လည်းမရ ရပြန်တော့လည်း ပြောတော့ ဘာမှမကြားရဘူး ကုမ္ပဏီတွေ အပြိုင်အဆိုင်လုပ်တာ ကောင်းတယ် ဒါမှ ပြည်သူတွေအဆင်ပြေမှာ"ဟု ရေတာရှည်မြို့ခံတစ်ဦးက ပြောပြသည်။

**ဖြိုးလွင်အောင်(ဆွာ)**



## သတင်းတို

### ညောင်လေးပင်မြို့နယ်၌ ဝင်ငွေခွန်လွှဲပြောင်းပေးအပ်

ယခုနှစ်ဘဏ္ဍာရေးနှစ် နောက်ဆုံးသုံးလပတ် စည်ပင်သာယာရေးဝေစုအတွက် ကောက်ခံရရှိငွေများအနက်မှ ဝင်ငွေခွန် ငါးရာခိုင်နှုန်း လွှဲပြောင်းပေးအပ်ခြင်းကို မတ် ၃၀ ရက် နံနက်က ညောင်လေးပင်မြို့နယ် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမတွင် ကျင်းပခဲ့သည်။ မြို့နယ်အခွန်ဦးစီးမှူး ဒေါ်လွင်လွင်အုန်းက ဝင်ငွေခွန် ငါးရာခိုင်နှုန်းလွှဲပြောင်းပေးအပ်ခြင်းများရှင်းလင်းတင်ပြပြီး ဘဏ္ဍာနှစ်နောက်ဆုံးလပတ်အတွက် ငွေကျပ် ၁၉၄၆၆၂၉ အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အပ်နှံခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## လူ့စွမ်းအားအရင်းအမြစ်များ အရည်အသွေးမြှင့်တင်ရေးအတွက် စီဒီအိုင်အက်စ်အသင်းမှ သင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် မေ ၁**

မြန်မာ့နိုင်ငံရေး လောကတွင် နိုင်ငံရေးဥပဒေရေးရာ လူမှုပတ်ဝန်းကျင် စီးပွားရေးတိုးတက်မှုများ လိုအပ်လာပြီဖြစ်သောကြောင့် လူ့စွမ်းအား အရင်းအမြစ်များ အရည်အသွေးမြှင့် စီမံခန့်ခွဲမှုမျိုးဆက်သစ်များ ပေါ်ထွန်းလာရန် ရည်ရွယ်ရှေးရှုလျက် မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးဌာန CDISမှ အစိုးရမဟုတ်သော NGO အသင်းကြီးတစ်ခုအဖြစ် ရပ်တည်လာခဲ့ပြီး UKနိုင်ငံ Cambridge Academy of Management အသိအမှတ်ပြုအောင်လက်မှတ်များ ချီးမြှင့်ပေးနေသော Post- Graduate Certificate in Peace Democracy and Development သင်တန်းများကို အဌမအကြိမ် ဖွင့်လှစ်သွားရန် စီစဉ်နေကြောင်း သိရသည်။

သင်တန်းစတင်ရက်မှာ မတ် ၂၈ ခုနှစ်တွင် စတင်မည်ဖြစ်ပြီး သင်တန်းတက်ရောက်ရန် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ အသက် ၂၅ နှစ်မှ ၅၅ နှစ်အတွင်း တက်ရောက်နိုင်ခွင့်ရရှိမည်ဖြစ်၍ သင်တန်း

**အသက် ၂၅နှစ်မှ ၅၅နှစ်အတွင်း ရှိသူများ တက်ရောက်ခွင့်ရရှိ . . .**

ကာလအတွင်း ပြည်တွင်းပြည်ပ နိုင်ငံရေးပညာရှင်များ၊ စီးပွားရေး တက္ကသိုလ်ပါမောက္ခများ အငြိမ်းစားများ ဥပဒေပညာရှင်များတို့မှ Peace Building and Comflict Resolution Democracy and Human Right, Sustainable Human Development ဆိုင်ရာ ဘာသာရပ်ပေါင်း ၁၅ ခုတို့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်၍ ပြည်တွင်းရှိ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုးကြားတက်ကြွစွာဆောင်ရွက်သွားနိုင်ရန် သင်ကြားပေးမည်ဖြစ်သဖြင့် လေ့လာတက်ရောက်သင့်သော သင်တန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**


မဟာစည်သြဝါဒခံ
သာသနာ့ဗိမာန်ရိပ်သာ (ယိုးဒယားကျောင်း)
မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်

**ဖိတ်ကြားလွှာ**

**သင်္ကြန် အထူး(၁၀)ရက် တရားစခန်း**

နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်ကာလ မဟာသတိပဋ္ဌာန် ဝိပဿနာဉာဏ်ပေးလျှုပွဲ အထူး (၁၀)ရက်စခန်းကို ၁၃၇၅ ခု တန်ခူးလဆန်း ၁၃ရက်မှ တန်ခူးလပြည့်ကျော် ၇ရက် (၁၂-၄-၂၀၁၄ရက်မှ ၂၁-၄-၂၀၁၄ရက်)အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်မည့် ယောဂီများသည် ၁၁-၄-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီ အရောက် ကြွရောက်ကြရမည်ဖြစ်ပါသည်။ ယောဂီစာရင်းများကို ယနေ့မှစ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။ ယောဂီများအား မဟာစည်နည်းအတိုင်း ပြသမည်ဖြစ်ပြီး ယောဂီများ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရန် စီစဉ်ထားပါသည်။

**သာသနာနုဂ္ဂဟအဖွဲ့**
**ဖုန်း-၆၄၁၃၂၄၊ ၀၉-၄၅၀၀၀၄၈၄၀**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း ၂ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ မြေကွက်ဦးပိုင်အမှတ် ၇၀၄/၇၀၅ ဘီ၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဦးသူရဟန် အမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဦးသူရဟန် ၉/ပမန(နိုင်)၁၂၈၇၇၃ (ဘ) ဦးဟန်ညွှန့်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်**
**သင်္ကြန်တွင်း ၁၀ ရက် တရားစခန်းပွဲ ကျင်းပမည်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်ရှိ ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ လမ်းစဉ်နှင့်အညီ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇာနေယျ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ)ဦးစီး၍ တန်ခူးလဆန်း ၁၁ရက် (၁၀-၄-၂၀၁၄)ရက်မှ တန်ခူးလပြည့်ကျော် ၅ရက် (၁၉-၄-၂၀၁၄ရက်)အထိ ၁၀ ရက်တိုင်တိုင် ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားပြသပို့ချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသူ ယောဂီများအနေဖြင့် ၁၀-၄-၂၀၁၄ ရက် ညနေတွင် စတင်ဝင်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၃၈၀၈၇၊ ၀၁-၉၆၉၉၁၆၃၊ ၀၉-၅၀၁၁၂၇၉ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ပါသည်။



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၅၂၄၃၂ Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့်အောင် ၆/ပလန(နိုင်)၀၆၄၇၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃က/၉၅၅၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



**ပျောက်ဆုံးကြောင်း**

ဦးခင်မောင်သန်း ၁၂/ကမရ(နိုင်)၀၅၀၁၃၄ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၃၁၀၃၃၄၂၉


**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**တောင်ကြီးမြို့နယ်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

ဒေါ်ဝင်းမိုးမိုးကြည် **နှင့်** ၁။ ဦးစိုင်းနေလင်း၊ ၂။ ဒေါ်တင်တင်မြ

**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ ၁၂၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၉/၁၂နေ (၁) ဦးစိုင်းနေလင်း၊ (၂) ဒေါ်တင်တင်မြ (အတူနေလင်မယား) (တရားပြိုင်များ) (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းမိုးမိုးကြည်က စုကြေးငွေ ၂၉၃၅၀၀၀/-ကျပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်မိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၉ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မီမီဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

# အပတ်စဉ်ပိတ်ရက်များ၌မီးဘေးကာကွယ်ရေး လှုပ်ရှားမှုများ ဖြူးမြို့နယ်၌ ဆောင်ရွက်ပေး

**ဖြူး ဧပြီ ၁**

ဖြူးမြို့နယ် မီးဘေးတားဆီးရေး ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်ဝင်း သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့တို့က မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ မီးဘေး ကြိုတင်ကာကွယ်ရေး သတိအမြဲရှိနေကြရန် ဖြူးမြို့ပေါ်ရှိ ရပ်ကွက်များသို့ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ ညစဉ်အသံချဲ့စက်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး လှည့်လည်နှိုးဆော် သတိပေးလျက်ရှိသည်။

မြို့နယ်မီးဘေး ကြီးကြပ်ရေးကော်မတီအနေဖြင့် မီးသတ်ရေ အလုံအလောက်ရရှိရေးအတွက် ဖြူးမြို့ ရထားလမ်း၊ ကားလမ်း အနောက်ဘက်ခြမ်းတွင် အမြင့် တင်ရေစင် ၄ လက်မ ပိုက်ဖြင့် ရေဂါလန် ၅၀၀၀ ဆံ့ ရေစင်တစ်ခု ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၍ရထားလမ်း၊ ကားလမ်း အရှေ့ဘက်ခြမ်း၌ လေးလက်မပိုက်ဖြင့် ရေဂါလန် ၅၀၀၀ ဆံ့ အမြင့်တင်ရေစင်တစ်ခု တည်ဆောက်ရန် မီးဘေးကြီးကြပ်ရေးကော်မတီမှ ကြိုးစားလျက်ရှိကြောင်း မြို့နယ်မီးဘေးကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညီညီက ပြောသည်။

ဖြူးမြို့ စည်ပင်သာယာမြို့မဈေးကြီးတွင် ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တစ်ကြိမ် ၁၉၉၁ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၀၀ ခုနှစ် ဇန်နဝါရီ ၃ရက်တို့တွင် တစ်ကြိမ် မီးလောင်ဆုံးရှုံးခဲ့ဖူးသဖြင့် ပြည်သူများမှ မီးဘေးကာကွယ်ရေးအတွက် အထူးဂရုစိုက်သတိထားလျက်ရှိကြပြီး ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မတ် ၂၇ ရက်က နေ့အပူချိန် ၁၀၂ ဒသမ ၂ ဖာရင်ဟိုက်အထိ အပူချိန် မြင့်တက်ခဲ့သဖြင့် ပြည်သူအများ မီးဘေးကို အထူးသတိထား စိုးရိမ်လျက်ရှိကြသည်။

**ဖြူးမြင့်ဦး**



ကော့သောင်းမြို့၌ ဖွင့်လှစ်လျက်ရှိသော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းရှိ သင်တန်းသား ကျောင်းသား ကျောင်းသူလေးများအား အခမဲ့ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးခြင်းကို မတ် ၂၉ရက်က ကော့သောင်းမြို့ နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ပေးခဲ့သည်။ ဖြိုးစေတနာဆေးခန်းမှ ဒေါက်တာကျော်စွာဆင့်နှင့် သူနာပြုအဖွဲ့ဝင်များက နွေရာသီယဉ်ကျေးလိမ္မာသင်တန်းသို့ တက်ရောက်သင်ကြားနေကြသည့် သင်တန်းသားကျောင်းသားကျောင်းသူ ၃၁၀ ကို တစ်ဦးချင်းကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ပြီး လိုအပ်သည့်ဆေးများကို အခမဲ့ဝေပေးခဲ့သည်။ ကလေးငယ် များတစ်ကိုယ်ရေသန့်ရှင်းရေးအဖြစ်၊ ခြေသည်းလက်သည်းများ ပုံမှန်သန့်ရှင်းစေရေးနှင့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ သွားနှင့်ခံတွင်းသန့်ရှင်းစေရန် ပြုမူနေထိုင်ပုံလေ့များကို ကလေးငယ်များအား ကျန်းမာရေးအသိ ပညာပေးခဲ့ခြင်းဖြစ်သည်။ ကျော်စိုး(ကော့သောင်း)

## သတင်းတို

### ရေတာရှည်မြို့နယ်၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

ရေတာရှည်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ခရိုင်ချင်းဆက်လမ်း အမှတ် (၂) လမ်းပေါ်ရှိ နဂျပ်(အထက်) နှင့် နဂျပ်(အောက်)ရွာ တို့ကို ဆက်သွယ်သော ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှု၊ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလမ်းပြီးစီးသွားပါက နဂျပ်ကျေးရွာမှာ မြို့ပြနှင့် ကျေးလက်အချင်းချင်း ဆက်သွယ်မှု လွယ်ကူလာမည်ဖြစ်ကြောင်းသိရသည်။

**ဖြိုးလွင်အောင်(ဆွာ)**

# တိုင်းရင်းဆေးပညာဖြင့် မုံရွာမြို့နယ်ဒေသခံများကို စောင့်ရှောက်

**မြင်းမူ ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ခုတင် ၅၀ ဆံ့ မုံရွာတိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးနေအောင်နှင့် တိုင်းရင်းဆေးမှူးခုနစ်ဦး အလုပ်သင် ဆရာမနှစ်ဦးတို့သည် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ညောင်ပင်ကန်ကျေးရွာအုပ်စုသို့ သွားရောက်ကာ ဘုန်းတော်ကြီးသင် စာသင်ကျောင်း၌ မတ် ၂၃ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ တစ်ရက်တာလုံးကျေးရွာနေ မိဘပြည်သူများအား တိုင်းရင်းဆေးဝါးဖြင့် အမျိုးသား ၇၀၊ အမျိုးသမီး ၁၃၅ ဦး စုစုပေါင်း ၂၀၅ ဦးကို အခမဲ့ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကုသရာတွင် စစ်ကိုင်းခရိုင် တိုင်းရင်းဆေးမှူး ဦးစိုးကြည်မှ ပူးပေါင်းပါဝင်ကုသပေးခဲ့ရာ လူနာများအား သွေးပေါင်ချိန်ခြင်း၊ ဒူးနာ၊ ခါးနာရောဂါများနှင့် အခြားရောဂါများ ကုသပေးခဲ့သည်။

ဆက်လက်ပြီး မုံရွာတိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးနေအောင်က ကျန်းမာရေး အသိပညာပေးဟောပြောခဲ့ပြီး ကျေးရွာနေ ပြည်သူများ ဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ ညောင်ပင်ကန်ကျေးရွာ စာကြည့်တိုက်အတွက် ဂျာနယ်မျိုးစုံ ၃၀၀ လှူဒါန်းခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

# ဧပြီ၁ရက်၌ စတင်အသက်ဝင်သည့် လူမှုဖူလုံရေးဥပဒေ ၂၀၁၂ ကြောင့် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက် အကျိုး ပိုမိုဖြစ်ထွန်းလာနိုင်

**ရန်ကုန် ဧပြီ ၁**

ဧပြီ ၁ ရက်တွင် စတင်ကျင့်သုံးသည့် လူမှုဖူလုံရေးဥပဒေသစ်အရ အလုပ်သမားနှင့် အလုပ်ရှင်များအတွက် အကျိုးခံစားခွင့်များ ပိုမိုများပြားလာတော့မည် ဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။

လူမှုဖူလုံရေး ဥပဒေသစ်အရ စီးပွားရေးလုပ်ငန်းတိုင်းတွင် အလုပ်သမားအင်အား ငါးဦးနှင့်အထက်ပါဝင်ပါက အလုပ်သမားများအတွက် လိုအပ်သည့် လူမှုဖူလုံရေးအာမခံကို အလုပ်ရှင်များက တာဝန်ယူကာ ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင်က ပြောကြားသည်။

လူမှုဖူလုံရေးဥပဒေသစ်အရ လူမှုဖူလုံရေးအာမခံစနစ် ထားပေးရန် ပျက်ကွက်သည့် လုပ်ငန်းရှင်များအား ဥပဒေအရအရေးယူနိုင်ပြီး ထောင်ဒဏ်နှင့် ငွေဒဏ်စသည့် ပြစ်ဒဏ်များ သတ်မှတ်ထားကြောင်း သိရသည်။

အလုပ်သမားများအပြင် အလုပ်ရှင်များသို့လည်း အဆိုပါဥပဒေက အားသာချက်များရှိပြီး တရားဝင်မှတ်ပုံတင်ပြုလုပ်ထားသည့် လုပ်ငန်းရှင်များအနေဖြင့် လျော်ကြေးပေးရမည့်အပိုင်းများ အလုပ်သမားများနှင့် ညှိနှိုင်းဆောင်ရွက်ရမည့်အပိုင်းများတွင် ဖြေရှင်းရလွယ်ကူလာမည် ဖြစ်သည်။

ထို့အပြင် လူမှုဖူလုံရေးတွင် အကျိုးဝင်သည့် အလုပ်သမားများ၏ အလုပ်ခွင်ထိခိုက်မှု၊ မီးဖွားမှုအစရှိသည့် အကျိုးခံစားမှုများကိုလည်း စနစ်တကျ ရေးဆွဲပြဋ္ဌာန်းထားသည့်အတွက် အလုပ်သမားများ အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

သို့သော် လူမှုဖူလုံရေးဥပဒေ (၂၀၁၂)အရ အလုပ်သမား၏ အမှန်တကယ်ရရှိသည့် လစာဝင်ငွေ၏ လေးရာခိုင်နှုန်းကို လူမှုဖူလုံရေးအဖြစ်သတ်မှတ်ထားပြီး အထွေထွေအာမခံစနစ်တွင် အလုပ်ရှင်နှင့် အလုပ်သမားထက်ဝက်ခန့်စီ သုံးရာခိုင်နှုန်းစီကျခံရမည်ဖြစ်ပြီး လုပ်ငန်းခွင်ထိခိုက်မှု အာမခံစနစ်တွင် အလုပ်ရှင်ဘက်မှ တစ်ရာခိုင်နှုန်းစီလစဉ် ထည့်သွင်းပေးရမည်ဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။

**(သွန်းဝသန်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မုံရွာမြို့နယ် တရားမရုံး၌**

**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၉၂**

ဒေါ်သိန်းတင် **နှင့်** ၁။ ကိုကျော်မျိုးဦး၊ ၂။ ဦးကျော်ဝင်း

**တရားလို** **တရားပြိုင်များ**

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ အမှတ်(၁၂)ရပ်၊ သီတာအေးလမ်း၊ အောင်ဇမ္ဗူကျော်ဘုန်းကြီးကျောင်းအနီးနေ ကိုကျော်မျိုးဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပျက်ကွက်သည့်အတွက် ပေးချေငွေ ၁၄၄၀၀၀၀ိ/နှင့် နစ်နာကြေးငွေ ၅၀၀၀၀၀ိ/ စုစုပေါင်းငွေ ၁၉၄၀၀၀၀ိ/ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၁၁ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်အောင်)**

**ဒုတိယမြို့နယ်တရားသူကြီး(၃)၊ မုံရွာမြို့နယ်တရားရုံး**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**တောင်ငူခရိုင်တရားမရုံး၌**

**၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၃**

**ကွယ်လွန်သူ ဦးကျော်မိုးနွယ်၏ သမဝါယမဘဏ်လီမိတက် (တောင်ငူဘဏ်ခွဲ)တွင် ဖွင့်လှစ်ထားသော စာရင်းအမှတ် ၀၇၃၂၀၁၁၃၃၈ ဖြင့် စုဆောင်းထားရှိငွေ ၁၄၀၇၃၈၆၆၆ ကျပ်အကြောင်း။**

ဒေါ်သန်းသန်းအေး **လျှောက်သူ**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဓမ္မသုခလမ်း၊ သီရိရတနာရပ်ကွက်နေ ဒေါ်သန်းသန်းအေးက ကွယ်လွန်သူ ဦးကျော်မိုးနွယ်၏ ဇနီးဖြစ်သည်ဟူ၍ ထန်းတပင်မြို့၊ သီရိရတနာရပ်ကွက်နေ ၎င်းကွယ်လွန်သူ ဦးကျော်မိုးနွယ်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်မိုးနွယ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် ဧပြီ ၂၉ ရက် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်သန်းသန်းအေး၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**မောင်မောင်အေး**

**ခရိုင်တရားသူကြီး၊ တောင်ငူခရိုင်တရားရုံး**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**တောင်ငူခရိုင်တရားမရုံး၌**

**၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၄**

**ကွယ်လွန်သူ ဦးကျော်မိုးနွယ်၏ ရိုးမဘဏ်(မန္တလေးဘဏ်ခွဲ)တွင် ဖွင့်လှစ်ထားသော ငွေစုစာရင်းအမှတ် ၀၄၁-၅၁-၅၀၀၀၄၄၂ ဖြင့် စုဆောင်းထားရှိငွေကျပ် ၃၇၅၀၀၀၀၀ အကြောင်း။**

ဒေါ်သန်းသန်းအေး **လျှောက်သူ**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဓမ္မသုခလမ်း၊ သီရိရတနာရပ်ကွက်နေ ဒေါ်သန်းသန်းအေးက ကွယ်လွန်သူ ဦးကျော်မိုးနွယ်၏ ဇနီးဖြစ်သည်ဟူ၍ ထန်းတပင်မြို့၊ သီရိရတနာရပ်ကွက်နေ ၎င်းကွယ်လွန်သူ ဦးကျော်မိုးနွယ်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်မိုးနွယ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် ဧပြီ ၂၉ ရက် (၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၁ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်သန်းသန်းအေး၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**မောင်မောင်အေး**

**ခရိုင်တရားသူကြီး၊ တောင်ငူခရိုင်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဖ လမ်း၊ အမှတ်(၂၄၇/က)နေ ဦးတင်လင်း-ဒေါ်ချိုချိုမာတို့၏သား မောင်နေလင်းအောင် ၁၂/ဥကတ(နိုင်)၁၄၃၇၈၉ သည် မိဘ၊ မောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးတင်လင်း ၁၂/ဥကတ(နိုင်)၀၁၅၈၉၄၊ မိခင်-ဒေါ်ချိုချိုမာ ၁၂/ဥကတ(နိုင်)၀၁၅၉၂၁**

## အထွေထွေကိုယ်စားလှယ်စာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၂၈-၂-၂၀၁၄ရက် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၂၆၂/၂၀၁၄ အား ကျွန်မ ဒေါ်ခင်ရွှေမှ သား ဦးဆလင်း(ခ)ဦးမြင့်နိုင်သို့ လွှဲအပ်ပေးထားသော ကိုယ်စားလှယ်စာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ဦးဆလင်း(ခ)ဦးမြင့်နိုင်နှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်ခင်ရွှေ ISN-၀၄၅၄၂၀**

**ပြည်တွင်းသတင်းနှင့်ဆောင်းပါး**



# ကော့သောင်းတွင် ခရမ်းလွန်ရောင်ခြည် မြင့်တက်သဖြင့် ကျန်းမာရေးသတိပေး

**ကော့သောင်း ဧပြီ ၁**

မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့သည် မြန်မာနိုင်ငံအတွင်းအီကွေတာနှင့် အနီးဆုံး မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ယခုမတ် ၂၉ ရက်တွင် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်တက်လျက်ရှိသဖြင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ခရမ်းလွန်ရောင်ခြည် အန္တရာယ် အသိပေးနှိုးဆော်ချက်များကို သတိပေးထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

မိသားစုစားဝတ်နေရေးနှင့် အထွေထွေကိစ္စရပ်များအတွက် နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရသည့် ပြည်သူများနှင့် မကြာမီကျရောက်တော့မည့် နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း ရေကစားကြမည့်ပြည်သူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများကို ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက အထူးနှိုးဆော် သတိပေးခြင်းဖြစ်သည်။

ကော့သောင်းမြို့၌ ယခုကာလအတွင်း ခရမ်းလွန်ရောင်ခြည် မြင့်တက်မှုအနေအထားသည် UV Index ၁၃ ဒသမ ၈အထိ မြင့်တက်လျက်ရှိရာ NOAAအဖွဲ့၏ သတ်မှတ်ချက်အရ UV Index > 11 အဆင့်အား လွန်ကဲအဆင့် (extreme level) ဟု သတ်မှတ်ထားသည်ဖြစ်ပြီး ရန်ကုန်အပါအဝင် အခြားမြို့များထက် ဆိုးရွားစွာမြင့်တက်လျက်ရှိကြောင်း သိရသည်။

ခရမ်းလွန်ရောင်ခြည်ကြောင့် ကျန်းမာရေးထိခိုက်မှုများဖြစ်သည့် အရေပြားကင်ဆာ၊ သားသမီးမရရှိနိုင်တော့ခြင်းနှင့် အပူဒဏ်ကြောင့် နှလုံးရုတ်တရက် ရပ်တန့်မှုများနှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် အမိုးအကာအောက်တွင်သာ နေထိုင်ခြင်း၊ နေပူရှိန်နှင့် တိုက်ရိုက်ထိတွေ့ခြင်းများ ရှောင်ကြဉ်ကြရန် နှိုးဆော်ထားခြင်းဖြစ်သည်။

**ကျော်စိုး (ကော့သောင်း)**

## သတင်းတို

### နတ်မောက်မြို့နယ် သီးချောင်းကျေးရွာတွင် ကျေးလက်ဆေးခန်းဖွင့်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သီးချောင်းကျေးရွာ၌ မတ် ၃၁ ရက်က ပြည်ထောင်စုလွှတ်တော်မှ လှူဒါန်းငွေ ၁၂ သိန်း သီးချောင်းကျေးရွာသူကျေးရွာသားများမှ လှူဒါန်း ငွေကျပ် ၇၅ သိန်းဖြင့်တည်ဆောက်ခဲ့သည့် တစ်ထပ်ကျေးလက်ဆေးပေးခန်းဆောက်လုပ်မှု ပြီးစီးခဲ့ပြီဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ် ဆရာဝန်ကြီးဒေါက်တာ မျိုးမင်းတို့က ဆေးခန်းအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးဒေါက်တာမျိုးမင်းက ဆေးပဒေသာပင် မတည်ငွေ အလှူငွေကျပ် တစ်သိန်းကို သားဖွားဆရာမဒေါ်ဇင်မာနွယ်ထံ ပေးအပ်ခဲ့သည်။ ကျေးလက်ဆေးပေးခန်း ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ ရေထွက်ကုန်အလုပ်ရုံသို့ ရောင်းစားခံရသည့် မြန်မာအလုပ်သမားများအား ကယ်တင်နိုင်ခဲ့

**မဟာချိုင် ဧပြီ ၁**

ထိုင်းနိုင်ငံ မဟာချိုင်မြို့တွင်ရှိသော ပုစွန်အခွံခွာသည့် အလုပ်ရုံတွင်ရောင်းစားခံထားရသည့် မြန်မာအလုပ်သမား ၂၂ ဦးတို့အား ပူးပေါင်းအဖွဲ့တို့က မတ် ၂၇ ရက်က ကယ်တင်လိုက်နိုင်ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Associationin Thailand)မှ သိရသည်။

အဆိုပါကယ်တင်မှုအား ထိုင်းအစိုးရလူကုန်ကူးမှု တိုက်ဖျက်ရေးအထူးရဲတပ်ဖွဲ့ ATIPD၊ ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MATနှင့် ထိုင်းတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED တို့က မဟာချိုင်ဒေသခံ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဝင်များအား အကြောင်းကြားကာ မဟာချိုင်မြို့ ဝတ်ကျက် ၅ လမ်းထဲတွင်ရှိသော ပုစွန် အခွံခွာသည့် အလုပ်ရုံတွင် ရောင်းစားခံထားရသည့် မြန်မာအလုပ်သမား အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၁ ဦး ပေါင်း ၂၂ ဦး တို့အား ပူးပေါင်း ကယ်ထုတ်နိုင်ခဲ့ကြခြင်းဖြစ်သည်။

ယခုကယ်ထုတ်လိုက်သည့် မြန်မာအလုပ်သမားများအတွက် မတ် ၂၆ ရက်က မြဝတီမြို့မှ မြန်မာအစိုးရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးရဲတပ်ဖွဲ့ ATIPDမှ အရာရှိတစ်ဦးက အကူညီပေးပါရန် ဖုန်းဆက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမား ၂၂ ဦးကို ရောင်းစားသော လူပွဲစားအဖွဲ့များက အသက် ၁၆နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် အခြားအလုပ်သမားခုနစ်ဦးကို မဟာချိုင် ငါးဖမ်းလှေဆိပ်တစ်ခုသို့ ပို့ဆောင်ထားရှိခဲ့သည်။

MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "ကျွန်တော်တို့ သူများတိုင်းပြည်မှာ လုပ်ရကိုင်ရတာက သူတို့ လုပ်ပေးသလောက်ပဲ ရတဲ့ အနေအထားဖြစ်တယ်။

"ကျွန်တော်တို့ ဖြစ်ချင်သမျှ ဖြစ်သင့်သလောက် ထိုင်းအာဏာပိုင်တွေက လုပ်မပေးဘူး။ ခက်တာက သူတို့ဖမ်းပေးမှ ဖြစ်တဲ့ကိစ္စဖြစ်နေတော့ ငါးမရပဲ ရေချိုးပြန်ရတဲ့အခါတွေ အများကြီးရှိခဲ့ပါတယ်" ဟု အကြံပြုပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံတွင် ပင်လယ်အစားအစာ အဓိက ထုတ်လုပ်သည့် မြို့မှာ မဟာချိုင်မြို့ဖြစ်သည်။

အဆိုပါ မဟာချိုင်မြို့ရှိ ငါးဖမ်းစက်လှေဆိပ်များ၊ ပုစွန်အခွံခွာသည့် အလုပ်ရုံများ၊ အစာမုန့်ထုတ်လုပ်သည့် အလုပ်ရုံများနှင့် ပုစွန်မွေးမြူရေးကန်များတွင် မြန်မာအလုပ်သမား အမြောက်အမြားရှိနေကြပြီး အဆင်မပြေသူများရှိနေ၍ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း MAT အဖွဲ့က ရင်ဖွင့်ပြောဆိုသွားခဲ့သည်။

**စိုးဝင်း(SP)**


**တစ်ဦးတည်း ဖြစ်ကြောင်း**

မင်းဘူးမြို့၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ဆည်မြောင်းမှ ယန္တရားမောင်း(၄) ဦးလှုနှင့် ဦးမောင်လှု MGE-၁၇၂၃၀၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်လှု(ခ)ဦးလှု**

## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် (၉၆)ကြိမ်မြောက် မဟာသင်္ကြန် (၇)ရက်အထူးတရားစခန်းပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၉၆)ကြိမ်မြောက် တန်ခူးလမဟာသင်္ကြန် ခုနစ်ရက်အထူးတရားစခန်းပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁၃ ရက် မှ ၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်အထိ (၁၂-၄-၂၀၁၄ရက် မှ ၁၈-၄-၂၀၁၄)ရက်အထိကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်များကို ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏ အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီး ဦးသိမ်းဆွေ (ဓနုဖြူ)နှင့် အရန်တရားဟော ဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မဇ္ဈိမပဋိပဒါနည်းကျ ဟောကြားပြသပေးမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသောယောဂီများသည် ၁၁-၄-၂၀၁၄ရက် (သောကြာနေ့)ညနေ ၅နာရီထက်နောက်မကျဘဲ ကြွရောက်ကြပါရန်၊ စခန်းပွဲသို့ ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယက ဦးအေးကို ဖုန်း-၀၁-၅၂၁၉၃၀၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉-၇၃၁၇၅၁၉၉၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၄၃၁၃၃၉၁၃၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး ဖုန်း-၀၉-၅၀၆၁၁၃၈၊ အမှုဆောင်ရုံးခန်း ဖုန်း-၀၉-၇၃၀၃၇၃၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**(ယောဂီဦးရေ ကန့်သတ်ထားပါသည်)**

**အမှုဆောင်အဖွဲ့**

## ဇင်းကျိုက် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ဇင်းကျိုက် အထက ကျောင်းတော်ကြီးတွင် တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ ပြန်လည်ဆုံစည်းမှု မိတ်ဆုံစားပွဲကို ၁၁-၄-၂၀၁၄ရက် (သောကြာနေ့) ညနေ ၁၇း၀၀ နာရီတွင် ဇင်းကျိုက် အထက ရတနာမွန်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးများမှ ကျောင်းသား ကျောင်းသူဟောင်းများအား မပျက်မကွက်တက်ရောက်အားပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **မိတ်ဆုံစားပွဲကျင်းပရေးကော်မတီ**

## ဇင်းကျိုက် အထက(ဆင္ဍမ)အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

ဇင်းကျိုက် အထကကျောင်းတော်ကြီးတွင် ပညာရည်နို့တိုက်ကျွေးခဲ့ပါသော (အငြိမ်းစား) ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာဆရာမများအား တပည့် ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားဟောင်းများမှ မြတ်ဆရာပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်** **နေ့ရက်** - ၂၅-၄-၂၀၁၄ ရက် (သောကြာနေ့)
**အချိန်** - နံနက် ၀၈း၀၀ နာရီ
**နေရာ** -ရွှေရတုအလွန်(ရတနာမွန်ခန်းမ) အထက ဇင်းကျိုက်

**ပူဇော်ပွဲကျင်းပရေးကော်မတီ**

အလှူငွေများထည့်သွင်းလိုပါက (၁)ဦးသိန်းဟန် ဖုန်း-၀၉-၄၀၁၅၈၇၂၀၃၊ (၂) ဦးခင်မောင်ရင် ဖုန်း-၀၉-၄၄၂၀၀၁၆၉၂၊ (၃)ဦးအောင်မင်းနိုင် ဖုန်း-၀၉-၄၂၅၃၄၀၂၂၂၊ (၄)ဦးမင်းချိုဝင်း (ရန်ကုန် ဖုန်း-၀၉-၅၁၃၈၈၅၀) ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၉ဃ/၃၈၅၀ Toyota Liteace P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်းအောင် ၁၃/နခန(နိုင်)၀၄၃၄၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မောင်ဇော်မျိုးအောင် ၃/ကဆက(နိုင်)၀၇၄၄၀၅၏ အဖအမည် ဦးကင်း(ခ)ဦးမောင်ကင်း ၃/ကဆက(နိုင်)၀၂၄၀၀၇ ဖြစ်ပါကြောင်း။ **ဦးကင်း(ခ)ဦးမောင်ကင်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မုံရွာမြို့နယ်တရားမရုံး၌**

**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၀၀**

ဦးအေးမင်းထွန်း **နှင့်** ၁။ ဦးဝင်းမြင့်
၂။ ဦးအောင်နိုင်ဝင်း

**တရားလို** **တရားပြိုင်များ**

မုံရွာမြို့၊ ကြက်မွေးမြူရေးဇုန်နေ ဦးအောင်နိုင်ဝင်း(ခ)ဖိုးသား (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကြက်စာဖိုးငွေ ၄၀၅၁၈၀၀ ကျပ်နှင့် နစ်နာကြေးငွေ ကျပ် ၅၀၀၀၀၀ စုစုပေါင်း ၄၅၅၁၈၀၀/-(လေးဆယ့်ငါးသိန်း ငါးသောင်းတစ်ထောင့် ရှစ်ရာကျပ်) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်မိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၁၁ရက်(၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဦးတင်အောင်**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မုံရွာမြို့နယ်တရားရုံး**

ဌာနဆိုင်ရာနှင့် စီးပွားရေးကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် ကွန်ပျူတာပါရဂူဘွဲ့ (Ph.D-IT) သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး ပါရဂူဘွဲ့အကြိုသင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြု (၂)နှစ်၊ စုစုပေါင်း(၃)နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း ဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူသုတေသန ဆက်လက်လုပ်ဆောင်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ Ph.D-IT လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကွန်ပျူတာဘာသာရပ်(သို့မဟုတ်)အလားတူ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(ဃ) သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(င) သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများသည် Referee နှစ်ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။

၄။ Ph.D-IT သင်တန်းသို့ တက်ခွင့်ရရန် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲ (Entrance Exam)ကို ဝင်ရောက်ဖြေဆိုကြရမည်။

**ရေးဖြေစာမေးပွဲ**

| နေ့စွဲ | ဘာသာရပ် | အချိန် | ဖြေဆိုရမည့်ဌာန |
|---|---|---|---|
| ၁၇-၅-၂၀၁၄ (စနေနေ့) | အင်္ဂလိပ် | ၉း၀၀ မှ ၁၂း၀၀ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် |
| | သက်ဆိုင်ရာ ဘာသာရပ် | ၁၃း၀၀ မှ ၁၆း၀၀ | မန္တလေးကွန်ပျူတာတက္ကသိုလ် |

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ၂၉-၅-၂၀၁၄ ရက်နှင့် ၃၀-၅-၂၀၁၄ ရက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် လူတွေ့ဖြေဆိုကြရမည်ဖြစ်သည်။

၆။ ပါရဂူဘွဲ့အကြိုသင်တန်းများကို ၁၆-၆-၂၀၁၄ရက်(တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

၇။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့တွင် ၉-၅-၂၀၁၄ ရက်(သောကြာနေ့) နောက်ဆုံးထားရန် လျှောက်ထားရမည်။

၈။ အခြားသိလိုပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၁-၆၁၀၈၈၉၊ ၀၁-၆၁၀၆၅၅ နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၆၅၀၅၀၁၂၊ ၀၉-၆၅၀၂၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၃။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့်၁) | တက္ကသိုလ်ဝင်တန်း |
| ၄။ | အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၆။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁) | ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁) အစားအစာ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။ |
| ၇။ | ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း(အဆင့်၂) (စီမံ/ဘဏ္ဍာ) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံ ကျွမ်းကျင်သူ |
| | (အခန်းဌာန) | တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာ ဌာန၏ |
| | (အစားအစာနှင့်အဖျော်ယမကာဌာန) | အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့) တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |

သင်တန်းကာလ။ ၂၈-၄-၂၀၁၄ ရက်မှ ၂၀-၆-၂၀၁၄ ရက်အထိ

**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ ပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃ ဇေယျာသီရိ၊ မြေကွက်အမှတ် ၂/၃၂၁၊ မြေကွက်တည်နေရာအမှတ် ၂၄၄၊ ယမုံနာလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်ခင်စိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား တရားရုံးချုပ် ရန်ကုန်မြို့၏ ၂၀၁၀ ခုနှစ်၊ တရားမ၊ ပထမအယူခံမှုအမှတ် ၂၁၆နှင့် ၂၃၆ ၏ ၂၉-၁၁-၂၀၁၀ ရက်စွဲပါ တရားစီရင်ချက်နှင့် ဒီကရီ၊ ပြည်ထောင်စုတရားလွှတ်တော်ရုံးချုပ်၏ ၂၀၁၁ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၁၃၆၏ (၂၄-၁၂-၂၀၁၂) စီရင်ချက်နှင့် ဒီကရီတင်ပြပြီး ၁။ ဦးရွှေထွန်း ၁၃/တကန(နိုင်)၀၆၈၃၀၉၊ ၂။ ဦးသန်းထွန်း ၁၂/သကတ(နိုင်)၁၄၉၃၇၇၊ ၃။ ဦးတင်ထွန်း ၁၂/သကတ(နိုင်)၀၄၀၃၇၃၊ ၄။ ဦးမြင့်ထွန်း ၁၂/ပဇတ(နိုင်)၀၁၅၈၈၄၊ ၅။ ဦးခင်မောင်ထွန်း ၁၂/ဗဟန(နိုင်)၀၁၁၃၁၄တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် အရောင်းအဝယ်စာချုပ်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရှိ တက္ကသိုလ်များတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| ၁ | ဘားအံတက္ကသိုလ် | သုံးထပ်စာသင်ဆောင်အဆောက်အအုံ(၁)လုံး၊ ဒုတိယပါမောက္ခချုပ်နေအိမ် (RC)(၂)ထပ် (၁)လုံး၊ စာကြည့်တိုက် (RC)(၂)ထပ် (၁)လုံး |
| ၂ | မြိတ်တက္ကသိုလ် | (၈)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး၊ (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၂)လုံး၊ RCC 4 Angle သွပ်မိုး၊ ကျောင်းသား အိပ်ဆောင် ၂ ထပ် (RC)၁လုံး၊ (၃)ထပ်စာသင်ဆောင် (၂)လုံး |
| ၃ | ထားဝယ်တက္ကသိုလ် | သိပ္ပံလက်တွေ့ဆောင်အမှတ်(၂) (၂)ထပ် (၁)လုံး၊ (၂)ထပ်စာသင်ဆောင် (၆)လုံး အကြီးစားပြုပြင်ခြင်း၊ ပါမောက္ခနေအိမ်အမှတ် (RC)(၁)ထပ် (၃)လုံး၊ (၆)ခန်းတွဲဝန်ထမ်းအိမ်ရာအမှတ် (၁၊၂) (၁)ထပ်RC(၂)လုံး၊ ကျောင်းဝင်းပတ်လည် Chain Link ခြံစည်းရိုး ကာရံခြင်း၊ ဆရာ/ဆရာမ ၂ ထပ်အိပ်ဆောင် RC(၁)လုံး |
| ၄ | ပဲခူးတက္ကသိုလ် | သုံးထပ်စာသင်ဆောင် (၂)လုံး၊ ပါမောက္ခချုပ်နေအိမ် (၁)လုံး RC(၂)ထပ်၊ (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ (၅)လုံး RC (၂)ထပ်၊ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၅)လုံး RC(၁)ထပ်၊ ဆရာ/ဆရာမ (၂၀)ဦးဆံ့ ၂ထပ်အိပ်ဆောင် (၅)လုံး RC(၂)ထပ် |
| ၅ | ပြည်တက္ကသိုလ် | သုံးထပ်စာသင်ဆောင် (၂)လုံး |
| ၆ | တောင်ငူတက္ကသိုလ် | ဆောင်ရွက်ဆဲ ၃ ထပ်ပင်မဆောင် (၁)လုံး၊ (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ RC(၁)လုံး၊ (၂)ထပ်စာကြည့်တိုက် RC(၁)လုံး၊ ဆရာ/ဆရာမဆောင် (၂)ထပ် RC(၁)လုံး၊ ကျောင်းဝင်းပတ်လည် Chain Link ခြံစည်းရိုးကာရံခြင်း |
| ၇ | မော်လမြိုင်တက္ကသိုလ် | သုံးထပ်စာသင်ဆောင် (၂)လုံး၊ ၈ ခန်းတွဲ (၂)ထပ် လ/ထ ကထိကနေအိမ် RC(၂)လုံး၊ ၄ ခန်းတွဲ (၂)ထပ် တွဲဖက်ပါမောက္ခနေအိမ် (RC)(၂)လုံး၊ Detector/Radiation Source (၂)ထပ် (RC)(၂)လုံး |
| ၈ | စစ်တွေတက္ကသိုလ် | သုံးထပ်စာသင်ဆောင် (၁)လုံး၊ အရာထမ်းအိမ်ရာ လေးခန်းတွဲ (၂)ထပ် (RC)(၃)လုံး၊ ကျောင်းသား ကျောင်းသူများ အပန်းဖြေရိပ်သာ (RC)(၂)လုံး၊ ဝန်ထမ်းအိမ်ရာ ၂ ခန်းတွဲ ၁ ထပ် RC(၆)လုံး၊ ကျောင်းသားအိပ်ဆောင် ၂ ထပ် RC(၁)လုံး၊ ဆရာ ဆရာမ (၂)ထပ်အိပ်ဆောင် RC(၁)လုံး |
| ၉ | တောင်ကုတ်ကောလိပ် | (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ (၃)လုံး၊ ပါမောက္ခနေအိမ် RC(၁)ထပ် (၈)လုံး၊ စာကြည့်တိုက် ၂ထပ် (၁)လုံး(RC)၊ ဆရာဆရာမဆောင် ၁ ထပ် (၂)လုံး (RC)၊ (၃)ထပ်စာသင်ဆောင် (၁)လုံး၊ ကျောင်းသားအိပ်ဆောင် ၂ ထပ် RC(၁)လုံး၊ (၈)ခန်းတွဲဝန်ထမ်း အိမ်ရာ (၁)လုံး RC၊ ပစ္စည်းသိုလှောင်ရုံအဆောက်အအုံ RC(၁)ထပ် (၁)လုံး |
| ၁၀ | ရန်ကုန်တက္ကသိုလ် | (၂)ထပ်ကျောင်းသူဆောင်(အင်းလျားဆောင်)အကြီးစားမွမ်းမံခြင်း၊ (၃)ထပ် (RC)ကျောင်းသူဆောင်(ရတနာဆောင်) အကြီးစားမွမ်းမံခြင်း၊ (၃)ထပ် (RC)ကျောင်းသားဆောင် (သထုံဆောင်) အကြီးစားမွမ်းမံခြင်း၊ ၂ ထပ်စားသောက်ဆိုင် (၁)လုံး၊ ပရဝဏ်အတွင်း ပြင်ပရေရရှိရေး၊ စစ်ကိုင်းလမ်း၊ ရွှေဘို၊ ဒဂုံဝဲယာလမ်း၊ လမ်းတိုလမ်း၊ ပုဂံလမ်းနေအိမ်များ သံပန်း ခြံစည်းရိုးကာရံခြင်း၊ တောင်ငူ၊ မန္တလေး၊ ရာမည၊ အမရ၊ ဝေသာလီဆောင်ရှေ့ ၄"ထု ကွန်ကရစ် car parking ပြုလုပ်ခြင်း၊ (၁)ထပ် (RC)ကိုရီးယား Centre (အင်ဂျင်နီယာရုံးဟောင်း)အဆောက်အအုံ အကြီးစားမွမ်းမံခြင်း |
| ၁၁ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ဆရာ၊ ဆရာမ ၂ ထပ်အိပ်ဆောင်(၂)လုံး (RC)၊ (၃)ထပ်စာကြည့်တိုက် (၁)လုံး၊ ကျောင်းပတ်လည်အုတ်ခြံစည်းရိုးကာရံခြင်း၊ သုံးထပ်စာသင်ဆောင်(၁)လုံး၊ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)ထပ် (RC)(၁)လုံး၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာ (၂)ထပ် (RC)(၁)လုံး၊ ၈" R.C.C ကွန်ကရစ်ခင်းခြင်း |
| ၁၂ | ရန်ကုန်ပညာရေးတက္ကသိုလ် | (၃)ထပ်စာသင်ဆောင် (၂)လုံး၊ (၃)ထပ်စာကြည့်တိုက် (RC)(၁)လုံး |
| ၁၃ | ဒဂုံတက္ကသိုလ် | (၄)ထပ်စာသင်ဆောင် (၃၆၊ ၃၉၊ ၄၀) ပေါ်တီကို နိမ့်ကျအက်ကွဲနေခြင်းအား ပြုပြင်ခြင်း၊ (၃)ထပ်စာသင်ဆောင် (၂)လုံး၊ ကျောင်းသားအိပ်ဆောင် (၂)ထပ် (RC)(၂)လုံး |
| ၁၄ | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | (၄)ခန်းတွဲ ဝန်ထမ်းနေအိမ် (၃)ထပ် (RC)(၁)လုံး၊ Centre of Excellent Building & Modenized Canteen (၄)ထပ် (၁)လုံး |
| ၁၅ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ကျောင်းသားအိပ်ဆောင် ၂ထပ် RC (၁)လုံး၊ စာကြည့်တိုက် RC ၃ထပ်(၁)လုံး၊ ၂ ထပ် နိုင်ငံခြားသားအိပ်ဆောင် RC (၁)လုံး |
| ၁၆ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | သုံးထပ်စာသင်ဆောင်(၂)လုံး၊ စာကြည့်တိုက်၂ထပ် RC(၁)လုံး၊ ကျောင်းသားအိပ်ဆောင် RC ၂ထပ်(၁)လုံး၊ ဆရာဆရာမ ၂ထပ် အိပ်ဆောင် RC(၁)လုံး၊ ပါမောက္ခချုပ်နေအိမ် ၂ထပ် RC(၁)လုံး၊ ဒုတိယပါမောက္ခချုပ်နေအိမ် ၂ထပ် RC(၁)လုံး |
| ၁၇ | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် | (၄)ထပ်စာသင်ဆောင် RC (Steel Structure အမိုး၊ Pile Foundation) |
| ၁၈ | ပုသိမ်တက္ကသိုလ် | သုတေသနစခန်း (204' x 180')တွင် (106' x 48')RC ၂ထပ် သုတေသနသိပ္ပံခန်း သုံးထပ်စာသင်ဆောင်(၂)လုံး |
| ၁၉ | ဟင်္သာတတက္ကသိုလ် | ၆ခန်းတွဲဝန်ထမ်းအိမ်ရာ ၁ထပ်(၁)လုံး၊ သုံးထပ်စာသင်ဆောင်(၁)လုံး၊ ၅ခန်းတွဲစားသောက်ဆိုင်တန်း(၂)လုံး RC၊ ဆရာ ဆရာမ ၂ထပ်အိပ်ဆောင် RC(၁)လုံး၊ ၉"ထု ကွန်ကရစ်လမ်းခင်းခြင်းနှင့် (၁၈'×၁၀'×၉")ထု တံတား(၁)စင်း |
| ၂၀ | မအူပင်တက္ကသိုလ် | သုံးထပ်စာသင်ဆောင်(၁)လုံး၊ စာကြည့်တိုက် ၂ထပ် RC(၁)လုံး၊ ဒုတိယပါမောက္ခချုပ်နေအိမ် အမှတ် (၁၊ ၂) ၂ထပ် RC(၂)လုံး၊ ၆ခန်းတွဲဝန်ထမ်းအိမ်ရာ ၁ထပ် RC(၁)လုံး၊ ဆရာ ဆရာမ ၂ထပ်အိပ်ဆောင် RC(၂)လုံး၊ ၄ခန်းတွဲ ၂ထပ်ဝန်ထမ်းအိမ်ရာ RC(၂)လုံး၊ ဧည့်ဂေဟာ ၂ထပ် RC(၁)လုံး၊ ကျောင်းသားအိပ်ဆောင် ၂ထပ် RC(၁)လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၄-၂၀၁၄ ရက်နေ့မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၄-၂၀၁၄ ရက်နေ့ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက် ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆောင်(၁) ပထမထပ်၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဤဦးစီးဌာန၊ အင်ဂျင်နီယာဌာနတွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၅၀၂၂၅၇၊ ၀၁-၅၃၉၄၃၇၊ ၀၁-၅၀၄၇၅၅ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၆။ ကြော်ငြာအပြည့်အစုံ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.myanmar_education.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အမှတ် ၁၅၉၊ ၈၃ လမ်း၊ ၂၄×၂၅လမ်းကြား၊ စစ်ကိုင်းတန်း ဒေါင်းတိုက်နေ ကျွန်မ ဒေါ်ခင်မမ(ခ)အင်မီ (ဘ)ဦးဘဖေ ၉/အမဇ(နိုင်)၀၀၀၄၂၄က မန္တလေးမြို့၊ အမှတ် ၁၀/၃၊ ပြည်တော်သာတိုက်တန်း၊ နန်းရှေ့ (ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်လှလှ (ဘ)ဦးဘဖေ ၉/မနမ(နိုင်)၀၉၇၅၃၃ အား မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတော်၌ အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ် ၂၉၆၅/၁၉၉၆ဖြင့် လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ကျွန်မလွှဲအပ်ထားသည့် လုပ်ငန်းကိစ္စရပ်များဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပါသဖြင့် ကျွန်မ လွှဲအပ်ထားသည့် အထက်ပါအထွေထွေကိုယ်စားလှယ်လွှဲစာ ၂၉၆၅/၁၉၉၆အား ပြန်လည်ရုပ်သိမ်းပါကြောင်း ဒေါ်ခင်လှလှနှင့် အများသိစေရန် ကြေညာပါသည်။

**ဒေါ်ခင်မမ(ခ)အင်မီ(ဘ)ဦးဘဖေ**
**၉/အမဇ(နိုင်)၀၀၀၄၂၄**
**အမှတ် ၁၅၉၊ ၈၃ လမ်း၊ ၂၄×၂၅လမ်းကြား၊**
**စစ်ကိုင်းတန်း၊ ဒေါင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

## စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

**The Government of the Republic of the Union of Myanmar**
**ASEAN Summit and related Summits Committee**
**Sub-Committee on Logistics and Administration**

# INVITATION FOR BIDS ON SPONSORSHIP MANAGEMENT OPERATOR

1. The Republic of the Union of Myanmar has assumed the Chairmanship of ASEAN in 2014 and Will hold 24th ASEAN Summit and 25th ASEAN Summit and Related Summits in Nay Pyi Taw,Myanmar. It Will be the first time that Myanmar takes ASEAN Chairmanship since it joined ASEAN in 1997.
2. Myanmar has drawn great attention from the international community due to its significant reforms, abundant natural resources and historic and scenic beauties. Hosting of ASEAN Summits and related Summits will be a golden opportunity for the local and foreign companies to promote business and to further expand investment in Myanmar and to the Southeast Asia Region.
3. In view of the above opportunities, bids are invited by the Sub-Committee on Logistics and Administration (the Committee)for the selection of Sponsorship Management Operator whose Sole responsibility is to find sponsors and to collect sponsorship fees for the duration of the Myanmar Chairmanship which will come to the end on 31 December 2014.
4. The company who will be selected as "Sponsorship Management Operator" (the winning bidder)will have the exclusive rights to dispense the following rights on behalf of the Committee:-
   (1) Television Advertising Right
   (2) Billboard Advertising Right
   (3) Merchandize Advertising Right
5. All the operation costs inclusive of various costs for advertising shall be borne by the Sponsorship Management Operator and/or Sponsor.
6. The winning bidder shall enter the contract with the Committee.
7. The Committee will take exclusive intellectual property right for logo, motto etc.,pertaining to the Myanmar ASEAN Chairmanship 2014.
8. The bidders Shall attach the following information with their application among others:-
   (1) Certificate of incorporation and the company profile;
   (2) Estimated amount of earning (in USD)from Sponsorship;
   (3) Minimum guaranteed amount (in case of failure the winning bidder is responsible for that amount);
   (4) Commission rate (inclusive of expenses)for the bidder;
   (5) Amount of deposit (in USD);
   (6) Past record of performance,in any.
9. No territorial limit of marketing sponsorship.
10. Deposit Shall be refunded within 14 banking days after the year end.
11. Bids shall be only on the official Bidding Form and to be delivered into the Tender Box located at the Ministry of Foreign Affairs,Office No.9,Nay Pyi Taw no later than(16:00)hours on 10 April 2014.
12. Bids shall be opened at the Ministry of Foreign Affairs, Office No.9,Nay Pyi Taw on 11 April 2014.
13. Announcement on the successful biddder will be made as earliest as possible.
14. Official Bidding Form Shall be available at the Ministry of Foreign Affairs,Office No.9, Nay Pyi Taw during the office hour from(31-3-2014) to (10-4-2014)in Payment of Kyat 10,000(kyat ten thousands).
15. The Committee has made this tender invitation without prejudice to its right.
16. The Selection will be made based on criteria and point system.
17. Inquiry can be made at the following contact phone number: 067-412509.

**Secretary**
**Sub-Committee on Logistics and Administration**
**ASEAN Summit and Related Summits Committee**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၀၊ မြေကွက်အမှတ် ၂၄၄၇၊ မြေအမည်ပေါက် ဦးအေးကျော် W/RGN-၀၀၄၁၆၅၏ မြေချပါမစ် ပြုလုပ်ပေးပါရန် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်သန်းမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၆)**
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ငွေကြာရံ)၊ မြေကွက်အမှတ် (၁/က-၂၂)၊ မြေကွက်တည်နေရာအမှတ် (၁)နှင်းဆီလမ်း၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်တင်တင်ရီ၊ ဗိုလ်မှူးချုပ်ထွန်းရွှေ) အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးချုပ်ထွန်းရွှေ ကွယ်လွန်သဖြင့် ဒေါ်တင်တင်ရီ ၁၂/ဥကတ(နိုင်)၀၄၇၉၆၅က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အပိုင်ပေးစာချုပ်ရန်နှင့် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထား များဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဒေါ်သက်သက်နိုင်ဦး(ခ)မငယ် (ကျောက်တန်း)
**အသက်(၄၇)နှစ်**

ထားဝယ်မြို့၊ ညောင်စဉ်ရွာနေ ဦးတင်ရွှေ-ဒေါ်ဖွားဟန်တို့၏ချွေးမ၊ ကျောက်တန်းနေ ဦးကြည်သိန်း-(ဒေါ်အေးရီ)-မငွေးဝင်းတို့၏သမီး၊ မနေကြည်ဦး၊ မောင်လမင်းထွန်း၊ မအိအိမွန်၊ မညိုညိုသိန်း၊ မောင်ကျော်မင်းထွန်း၊ မောင်ကျော်လင်းထွန်းတို့၏ အစ်မ၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျောက်တော်ကြီးဘုရားလမ်း၊ အမှတ် ၅/ကနေ ဦးဇော်မြင့်-ဒေါ်သက်သက်ခိုင်ဦး(မကြီး)တို့၏ညီမ၊ မခိုင်ခိုင်နွယ်၊ မောင်မျိုးမောင်မောင်၊ မောင်ရဲတင့်ဆွေ၊ မောင်ရဲမင်းသွင်တို့၏အဒေါ်သည် ၃၀-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ငမိုးရိပ်၊မြေကွက်အမှတ်၂၀၃၊ မြေကွက်တည်နေရာအမှတ် ၂၀၃၊ ၈ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း (ဦးမောင်မောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်မောင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်သောင်းကြည် ၁၂/သဃက(နိုင်)၀၉၃၂၁၉က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပါမစ်ပျောက်ဆုံးကြောင်း ပါမစ်ပျောက်ဂရန်သစ် ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၉၊ မြေကွက်အမှတ် ၁၅၃၁၊ မြေအကျယ်အဝန်းပေ (၄၀×၆၀)ရှိ ဦးထွန်းအောင် MTA-၁၁၄၀၃၁အမည်ပေါက် ပါမစ်မြေကွက်၊ အရပ်ခေါ် အမှတ်၁၅၃၁၊ ဖေယျာသီရိလမ်း၊ (၇၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါမြေကွက်နှင့်ပတ်သက်၍ လက်ဝယ်ပိုင်ဆိုင်သူ ဦးစိန်မင်း ၉/မရတ(နိုင်)၀၆၆၉၂၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက် စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ**
**ဖူးပွင့်ဝေစာချုပ်စာတမ်းနှင့် ဥပဒေအတိုင်ပင်ခံ**
**အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၆၁၅၇**

### ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ်၁၃၊ မြေကွက်တည်နေရာအမှတ် ၁၃၊ ရွှေဖူးမျှော်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်စိုးဝင်း၊ဦးထွန်းလှိုင်အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်စိုးဝင်း (ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီး ဒေါ်ခင်မိုးမိုး ၁၂/သကတ(နိုင်)၁၅၄၅၇၉နှင့် ကျန်ပူးတွဲ အမည်ပေါက် ဦးထွန်းလှိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသော ဇနီးဒေါ်လှရှိန် ၁၂/ဒပန(နိုင်)၀၃၂၃၃၆တို့မှ GP ၂၂၈၉၉ ဖြင့် ရရှိသူ ဦးအာယုအလီ ၁၂/တမန (နိုင်)၁၀၁၉၂၈မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

